# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (10-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မော်တော်ယာဉ်မောင်းနှင်မှုကို "စုံ" ရက်၊ "မ" ရက် ခွဲခြားမှုမရှိဘဲ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပါကြောင်း ပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၉

၁။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် "စုံ"ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များနှင့် "မ"ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ် မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စက်သုံးဆီသုံးစွဲမှုသည် ပုံမှန်တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာပြီး ပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်လည်ပတ်စေရန်တို့အတွက် အထက်ပါထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်မှစတင်၍ ပယ်ဖျက်လိုက်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ⚐

## ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍

စာမျက်နှာ ၁၇ ကော်လံ ၁ ❍



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်ခဲ့သည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံ တပ်မတော်သားများက ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၉

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့်(၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာကို မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင်(၁၁/၅)မှ တာမိုင်(၁၁/၇)ကြား

စာမျက်နှာ ၂၁ ကော်လံ ၁ ❑

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၈၂ ဧက စိုက်ပျိုးမည်

စစ်ကိုင်း စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၈၂ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ဧက၊ မြင်းမူမြို့နယ်တွင် ၄၅၄ ဧကနှင့် မြောင်မြို့နယ်တွင် ၇၇၆ ဧက စုစုပေါင်း ၂၃၈၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ငရုတ် ၂၃၈၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ငရုတ်စိုက်ပျိုးမှုကို အောက်တိုဘာလပထမပတ်ကနေ

စာမျက်နှာ ၁၉ ကော်လံ ၁ ✱



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

စာမျက်နှာ ၂၁ ကော်လံ ၄ ◆

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၀ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက်အား ပြည်သူ့စစ်မှုထမ်းများ

နိုင်ငံတစ်နိုင်ငံတည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံကိုချစ်သော၊ နိုင်ငံကိုကာကွယ်သော မျိုးချစ်လူငယ်များရှိရန် လိုအပ်သည်။ လက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်း အကြမ်းဖက်မှုများ၏ လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် နိုင်ငံတော်ကြီး မထိခိုက်စေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာနေရန်မှာ ပဓာနကျလာသည်။ ထို့ကြောင့် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

**"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်**"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းဥပဒေအရ ထိုတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်။ ၎င်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈)အထိပင် ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၅)ကို သင်တန်းဆင်းပွဲကျင်းပနိုင်ခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄) အထိ ပြည်သူ့စစ်မှုထမ်းများကိုလည်း ပြည်သူ့စစ်မှုထမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း နိုင်ငံသားကောင်းများသည် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးသို့ သွားရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် စစ်ပညာရပ်များ သင်ယူခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှုနှင့်မိမိနိုင်ငံအပေါ် ချစ်စိတ်များတိုးမြင့်လာမည်ဖြစ်သည်။ လူငယ်လူရွယ်များသည် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားတောင့်တင်းခိုင်မာစေရေးတွင် နိုင်ငံ့သားကောင်းပီသစွာဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေထောက်ပဲဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ မြေထောက်ပဲတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို ဆောင်ရွက်ပေးပါမယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေထောက်ပဲစိုက်ပျိုးမည့် တောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ထန်းပင်ကုန်းကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် ထူးခြားအောင်အဖွဲ့၊ အောင်ချမ်းသာအဖွဲ့၊ အောင်ပြည့်စုံအဖွဲ့၊ အောင်မြင်သူအဖွဲ့ လေးဖွဲ့ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးဖယ်ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအား ကောင်းခဲ့တာပါ။ ဩဂုတ်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးဖယ်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခု စက်တင်ဘာလထဲမှာလဲ ငါးဖယ်တွေ မှာယူတာများနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၉၅၀၀ ထိ အရွယ်အစားအပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူးကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အမရပူရမြို့နယ် ရေဘုတ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘုတ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေဘုတ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဘုတ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသည့် ပိတောက်ဝါအဖွဲ့၊ ရတနာမြိုင်အဖွဲ့၊ ရွှေအမရအဖွဲ့နှင့် ဒို့ညီကိုအဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ၂၀ ကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၂၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဇန်းမောက်မြို့နယ်မှာ နှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဇန်းမောက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး သွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဘကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၂၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် စက်တင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပခန်းစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးကောင်းပါတယ်။ တင်ပို့ရောင်းချတဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းဆန်စပါးဈေးကွက်မှာကို ပခန်းစပါးတွေက အဝယ်လိုက်နေတာပါ"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပခန်းစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

**ဗိုလ်ရှိတ်(ရတနာပူရ)**

**ယခင်တစ်ပတ်မှအဆက်**

အမရပူရမြို့တော်ကြီးတွင် မြို့တံခါး ၁၂ တံခါးရှိသည်။ မြို့တံခါးများမှာ တစ်မျက်နှာလျှင် သုံးတစ်ခါး စီတည်ရှိသည်။ မြို့တံခါး ၁၂ ရပ်ကို မြို့စားတို့က အသီးသီး တာဝန်ယူဆောက်လုပ်ရသည်။ အမရပူရမြို့တည်နန်းတည် စာတမ်းပထမတွဲပေမူတွင် တွေ့ရသော တံခါး ၁၂ ရပ် တည်မြို့စားများနှင့် မြို့တံခါးအမည်များမှာ–

**အရှေ့မျက်နှာမြောက်မှတောင်သို့**

၁။ ကျွန်းလုံးဝင်တံခါး = မိုင်းကိုင်မြို့
၂။ ဦးနှိမ်တံခါး(ခါတ်) = သိန္နီမြို့
၃။ သိမ်းဆည်းတံခါး = လဲချားမြို့

**တောင်မျက်နှာ အရှေ့မှအနောက်သို့**

၁။ ကျွန်းလုံးဝင်တံခါး = ညောင်ရွှေမြို့
၂။ ကုန်းမော်တံခါး၊(ခါတ်) = သီပေါမြို့
၃။ နန္ဒမူတံခါး =ရောက်စောက်မြို့

**အနောက်မျက်နှာ တောင်မှ မြောက်သို့**

၁။ အာလဝီတံခါး = မိုးနဲမြို့
၂။ စက်ရှင်တံခါး(ခါတ်) = မိုးကောင်းမြို့
၃။ ရန်နှင်တံခါး = မိုးညှင်းမြို့

**မြောက်မျက်နှာ အနောက်မှအရှေ့သို့**

၁။ ရန်မျိုးအောင်တံခါး = ဗန်းမော်မြို့
၂။ လေးသန်းတံခါး(ခါတ်) = တောင်ပိုင်မြို့
၃။ မုတ်ဦးတံခါး = မိုးမိတ်မြို့

ဟူ၍ ဖြစ်သည်။ မြို့တံခါး ၁၂ ရပ်တွင် ခါတ်တံခါးလေးရပ်ကို အမိုးဘုံသုံးဆင့်ဇေတဝန်ဆောင်ဆောက်လုပ်ရပြီး ကျန်တံခါး၊ ရှစ်ရပ်ကို အမိုးဘုံနှစ်ဆင့် ထားဝယ်ဆောင်သာဆောက်လုပ်ရသည်။ တံခါးအမိုးများကို အုတ်ကြွပ်အင်္ဂတေမိုးရသည်။ ယခုဖော်ပြခဲ့သော မြို့တံခါးအမည်များသည် အမရပူရမြို့တည်နန်းတည်စာတမ်း ပထမတွဲအတိုင်းသာ ဖြစ်သည်။ အခြားသော ရာဇဝင်ကျမ်းများ၌ ဖော်ပြထားသော တံခါးအမည်အချို့နှင့် ကွဲလွဲမှုအနည်းငယ်ရှိသည်။

မြို့တံခါးများတည်ဆောက်ပြီးလျှင် တံခါးအမည်မော်ကွန်းတိုင်ကို ရေးရသည်။ တံခါးမော်ကွန်းတိုင်တွင် ရေးရသည့်စာသားကို ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌"ရေးသည်အက္ခရာကား သက္ကရာဇ် ၁၁၄၄ ခု၊ နယုန်လပြည့်ကျော် ၂ ရက် ၃ နေ့ မြို့တော်အမည် အမရပူရရွှေမြို့တော်ကြီး ဦးနှိမ်တံခါးဟူ၍ စာလုံးပေါင်း ၃၄ ကို မော်ကွန်းရှက် ပျဉ်အရပ်သံတောင် ၁ ၄၊ အနံ ၂ ၄ တွင် စာကြောင်း ၆ ကြောင်း သတ်စုံရေးသည်။ ကျန်မြို့တံခါး ၁၂ မှာလည်း စာသက္ကရာဇ်နေ့လတူတွင် တံခါး၊ အမည်သာ ကွဲစေ၍ နည်းတူရေးရသည်"ဟူ၍ ဖော်ပြထားသည်။ အက္ခရာ ၃၄ လုံးဆိုသည်မှာ "သက္ကရာဇ်"ဟူသော စကားမှစ၍ "ဦးနှိမ်တံခါး"ဟူသော စကားထိကို ဆိုခြင်းဖြစ်သည်။

| မြို့တည်ပတ္တ | ကုန်းဘောင်ဆက် | ဆင်ဖြူရှင်အရေးတော်ပုံ |
|---|---|---|
| ကျွန်းလုံးဝင်(လေးကျွန်း) | လေးကျွန်း | လေးကျွန်း |
| ဦးနှိမ် | ဦးနှိမ် | ဦးနှိမ် |
| သိမ်းဆည်း | သိမ်းဆည်း | သိမ်းဆည်း |
| ကျွန်းလုံးဝင် | ကျွန်းလုံးဝင် | ကျွန်လုံးဝင် |
| ကုန်းမော် | ကုန်းမော် | ကုံမော် |
| နန္ဒမူ | နန္ဒမူ | နန္ဒမူ |
| အာလဝီ | အာဠဝီ | အာဠဝီ |
| စက်ရှင် | စည်ရှင် | စက်ရှင် |
| ရန်နှင် | ရန်နှင် | ရန်နှင် |
| ရန်မျိုးအောင် | ရန်မျိုးအောင် | ရန်မျိုးအောင် |
| လေးသန်း | လေးသိန်း | လေးသန့် |
| မုတ်ဦး | မုတ်ဦး | မုတ်ဦး |

**❖ အမရပူရမြို့သည် စတုရန်းပုံမြို့ရိုးဖြစ်သောကြောင့် ထောင့်လေးထောင့်သည် ထောင့်ချွန်းများဖြစ်နေရမည်ဖြစ်သည်။ သို့သော် အမရပူရမြို့ရိုး အနောက်မြောက်ထောင့်သည် အခြားမြို့ရိုးထောင့်သုံးထောင့်ကဲ့သို့ ထောင့်ချွန်မဟုတ်ဘဲ အဝိုင်းပုံစံထောင့်ကိုဖြေထားပါသည်။ ထိုထောင့်သာလျှင် ထောင့်ပြေပုံစံဖြစ်သည်။ အမရပူရမြို့ရှေးဟောင်းမြေပုံများတွင် အနောက်မြောက်ထောင့်ကို ထောင့်ချွန်ပုံစံဖြင့် ရေးဆွဲကြသလို ထောင့်ပြေပုံစံဖြင့် အဝိုင်းပုံစံလည်းရေးဆွဲကြသည်။ မြေပြင်အထောက်အထားများအရ ထောင့်ပြေပုံစံသာအမှန်ဖြစ်သည်။ ❖**

မြို့တည်စာတမ်းပထမတွဲတွင် ကျွန်းလုံဝင်တံခါးအမည်မှာ နှစ်ခုထပ်နေပါသည်။ အမှန်က အရှေ့မျက်နှာမြောက်ဘက်တံခါးမှာ လေးကျွန်းတံခါးသာ အမှန်ဖြစ်ရမည်။ ပေကူးရာတွင် ပေကူးသမားက ရောထွေးသွားခြင်းဖြစ်နိုင်သည်။ အထက်တွင် နှိုင်းယှဉ်ဖော်ပြထားသည့် နှိုင်းယှဉ်ချက်ရှိ မြို့တည်ပတ္တဆိုသည်မှာ အမရပူရမြို့တည်နန်းတည် စာတမ်းပထမတွဲ၊ ကုန်းဘောင်ဆက်သည် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဆင်ဖြူသျှင်အရေးတော်ပုံသည် ဆင်ဖြူသျှင်မင်းတရားကြီး ဘုရားအရေးတော်ပုံကျမ်းကို ဆိုခြင်းဖြစ်သည်။

**အမရပူရရွှေမြို့တော်ကြီးပုံစံ**

အမရပူရရွှေမြို့တော်ကြီး၏ပုံစံသည် တစ်မျက်နှာလျှင်တာ ၅၀၀ စီအညီအမျှရှိသော စတုရန်းပုံမြို့ရိုးပုံစံဖြစ်သည်။ မြို့ရိုးတစ်မျက်နှာလျှင် တံခါးသုံးတံခါး ပြငယ်ရှစ်လုံးစီတည်ရှိသည်။ ပြငယ်ရှစ်လုံးတို့သည် မြို့ထောင့်နှင့်တံခါးကြား ပြငယ်နှစ်လုံး၊ တံခါးနှစ်ခုကြားတွင် ပြငယ်နှစ်လုံးစီ အသီးသီးတည်ရှိနေကြသည်။ မြို့ရိုးထောင့်လေးထောင့်တွင် ထောင့်ပြကြီးလေးလုံးတည်ရှိသည်။ ထို့ပြင် မြို့ရိုးထောင့်လေးထောင့်တွင် မြို့ထောင့်စေတီလေးဆူတည်ရှိသည်။ မြို့ထောင့်စေတီလေးဆူမှာ–

၁။ အရှေ့တောင်ထောင့် = ရွှေစံကားစေတီ
၂။ အနောက်တောင်ထောင့် = ရွှေလင်းပင်စေတီ
၃။ အနောက်မြောက်ထောင့် = ရွှေကွန်းအုပ်စေတီ
၄။ အရှေ့မြောက်ထောင့် = ရွှေကွန်ချာစေတီ

တို့ဖြစ်သည်။ အမရပူရမြို့သည် စတုရန်းပုံမြို့ရိုးဖြစ်သောကြောင့် ထောင့်လေးထောင့်သည် ထောင့်ချွန်းများဖြစ်နေရမည်ဖြစ်သည်။ သို့သော် အမရပူရမြို့ရိုး အနောက်မြောက်ထောင့်သည် အခြားမြို့ရိုးထောင့်သုံးထောင့်ကဲ့သို့ ထောင့်ချွန်မဟုတ်ဘဲ အဝိုင်းပုံစံထောင့်ကိုဖြေထားပါသည်။ ထိုထောင့်သာလျှင် ထောင့်ပြေပုံစံဖြစ်သည်။ အမရပူရမြို့ရှေးဟောင်းမြေပုံများတွင် အနောက်မြောက်ထောင့်ကို ထောင့်ချွန်ပုံစံဖြင့် ရေးဆွဲကြသလို ထောင့်ပြေပုံစံဖြင့် အဝိုင်းပုံစံလည်းရေးဆွဲကြသည်။ မြေပြင်အထောက်အထားများအရ ထောင့်ပြေပုံစံသာအမှန်ဖြစ်သည်။ ထိုကဲ့သို့ထောင့်ကို ပြေထားရခြင်းမှာ အကြောင်းရှိသည်။ အနောက်မြောက်ထောင့်မျက်နှာတွင် တက်သေးအင်းနှင့် ဧရာဝတီမြစ်ကြီးရှိသည်။ ရေများချိန်တွင် ဧရာဝတီမြစ်နှင့် တက်သေးအင်းမှာ မြစ်ရေတစ်ပြင်တည်းဖြစ်သွားပြီး ရေစီးအလွန်သန်သည်။ ထိုအချက်ကို တွေ့မြင်ခဲ့သော အမရပူရမြို့တည် ဗိသုကာပညာရှင်များသည် မြစ်ရေတိုက်စားမှု သက်သာစေရန်မြို့ရိုးကို ထောင့်ချွန်းအတိုင်းမလုပ်ဘဲ ထောင့်ပြေပုံစံအဝိုင်း လုပ်ခဲ့ခြင်းသာဖြစ်သည်။ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် သဘာဝဘေးတစ်ခုကို ကာကွယ်ခြင်းသာဖြစ်သည်။ ယခုဖော်ပြခဲ့သည်မှာ အပြင်မြို့ကြီးဟုခေါ်ဆိုနိုင်သည့် အမရပူရရွှေမြို့တော်ကြီး၏ အကြမ်းဖျင်းပုံစံကို မြင်သာအောင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

**နန်းမြို့တော်**

အမရပူရရွှေမြို့တော်ကြီးအတွင်း အလယ်ဗဟို၌ နန်းမြို့တော်မြို့ရိုးတည်ရှိသည်။ နန်းမြို့တော်ကို သက္ကရာဇ် ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ နန်းမြို့တော်သည် တောင်မြောက်အနံတိုပြီး ရှေ့နောက်အလျားရှည်သောပုံစံဖြစ်သည်။ ရှေးပေမူတစ်ဆူ၌ နန်းမြို့တော်၏ အတိုင်းအတာအကျယ်စာရင်းကို ဤသို့တွေ့ရသည်။

"အမရပူရနန်းမြို့တော် တာစာရင်းဘုရား
အရှေ့အနောက် ၁၅ ၃ ၂
တောင်မြောက် ၁၃ ၆ ၁ ၂ ၄
ပေါင်း ၂၈၉ ၃ ၂ ၄"

ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌ နန်းမြို့တော်တာစာရင်းကို "မြို့တော်လည်းထောင်မြောက်တာ ၁၂၀၊ အရှေ့အနောက်တာ ၁၃၇ တာဝန်း ၅၁၄ ရှိ၏"ဟူ၍ ဖော်ပြထားသည်။

အမရပူရမြို့တည်နန်းတည် စာတမ်းပထမတွဲပေမူ၌ နန်းမြို့တော်တာအကျယ်အဝန်း၊ ဆောက်လုပ်ရသူ အမည်နှင့်အုတ်ကုန်ကျသည့် အရေအတွက်ကိုပါ အသေးစိတ်ဖော်ပြထားသည်။ ၎င်းကို သိသာရှင်းလင်းစေရန် ကောက်နုတ်ဖော်ပြပါဦးမည်။

၁။ နန်းမြို့တော် အရှေ့မြောက်ထောင့်ကသည် ရွှေတော်ယူတံခါးတောင် ရှေ့ဝင်းစချီလုပ်စုတာထိ တာပေါင်း ၇ ၀ ၅ ကို ရှေ့ဝင်းဒိုင်းစာရေးနန္ဒသာလှက လုပ်ရသည်။

၂။ နန္ဒသာလှလုပ်စု တာစကသည် တောင်ကို ရွှေနန်းမြို့တော် အရှေ့တောင်ထောင့်ရောက် တာပေါင်း ၃ ၀ ကို ရှေ့ဝင်းစချီလက်ယာသိခ်ကျော်ထင်က လုပ်ရသည်။

၃။ နန်းမြို့တော် အရှေ့တောင်ထောင့်ကသည် အနောက်ကိုလျှောက်၍ လက်ယာဝင်းတံခါးတော် အနောက်လက်ယာဝင်းစချီ တာရောက်တာပေါင်း ၅ ၄ ၆ ၁ ၄ ကို လက်ယာဝင်းဒိုင်းစာရေးရာဇဒေဝက လုပ်စေရသည်။

၄။ ၎င်းတာစကသည် နန်းမြို့တော်အနောက်တောင်ထောင့်တာပေါင်း ၃ ၉ ၃ ၁ ၄ ဝင်ကောင်ဟန်စာရေးကလုပ်ရသည်။

၅။ ၎င်းကမြောက်ကို ၂ ၉ အနောက်ဝင်းဒိုင်းက လုပ်ရသည်။

၆။ ၎င်းတာစကသည် မြောက်ကိုတာ ၂ ၀ အနောက်ဝင်းတံခါးတော်ထိ နောက်ဝင်းစချီက လုပ်ရသည်။

၇။ ၎င်းအနောက်တံခါးကသည် နန်းမြို့တော် အနောက်မြောက်ထောင့်ထိ တာ ၅ ၅ (၅ ၅)ကို သူရဲစုကလုပ်ရသည်။

၈။ ၎င်းထောင့်ကသည် အရှေ့ကိုလျှောက်၍ ၇ ၅ ၃ ၁ ၄ ကို လက်ဝဲဒိုင်းစာရေးကလုပ်ရသည်။

၉။ ၎င်းတာစကသည် လက်ဝဲဝင်းတံခါးရောက် ၃ ၄ ၅ ၁ ၄ ကို လက်ဝဲဝင်းစချီကလုပ်ရသည်။

အထက်တွင်ဖော်ပြခဲ့သည်မှာ အမရပူရမြို့တည်နန်းတည်စာတမ်း ပထမတွဲပေမူအတိုင်းဖြစ်သည်။ ထို့ပြင် နန်းမြို့တော်တာ စာရင်းအချုပ်နှင့် ကုန်ကျအုတ်အရေအတွက်ကိုလည်း ၎င်းကျမ်း၌–

နန်းမြို့တော် အရှေ့မျက်နှာ = ၉ ၇ ၁ ၂ တာပေါင်း
အနောက်မျက်နှာတာပေါင်း= ၉ ၇ ၁
တောင်မျက်နှာတာပေါင်း = ၁ ၀ ၆
မြောက်မျက်နှာတာပေါင်း = ၁ ၁ ၁
လေးမျက်နှာတာဝန်း = ၄ ၁ ၆ ၁ ၁
နန်းမြို့တော်ထု = ၇
အမြင့် = ၉ ၁
တစ်တာလျှင် အုပ်ချုပ်ရေ = ၁၀၀၀
ကုန်နှုန်း
အလုံးစုံအုတ်ကုန်ပေါင်း = ၄၁၆၀၀၀၀
ဟူ၍ ဖော်ပြထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၄၆၈၀ စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၄၆၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၈၅၀၊ ဘုတလင်မြို့နယ်တွင် ကေ ၅၀၊ အရာတော်မြို့နယ်တွင် ကေ ၂၉၅၀ နှင့် ချောင်းဦးမြို့နယ်တွင် ကေ ၈၃၀ စုစုပေါင်း ကေ ၄၆၈၀ တို့ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲကေ ၄၆၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက် ပေးသွားပါမယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ် တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၉**

တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လန်းကျေးရွာအုပ်စု နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်လန်းကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ သတ္တမအကြိမ်မြောက်အဖြစ် အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၇၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

## ပန်းကမ္ဘာ

\- လမ်းချင်းတူ၍
ဖြူနီဝါသွေး ပျံ့ထုံမွှေးသည့်
ပန်းဈေးထဲမှာ သူနှင့်ငါလျှင်
ဆုံလာတွေ့ရ ထိုခဏ။

\- သူဝတ်မပျက် လာနှုတ်ဆက်တော့
သူ့လက်ထဲက ပန်းလှလှကြောင့်
ဟဒယဦး ပန်းဓာတ်ကူးလျက်
ကြည်နူးဘဝင် ငါ့စိတ်တွင်။

\- ရင်းနှီးမှုဖြင့်
သူ့ကိုငါက ခွန်းခြွေသလျက်
ပြုံးပြပွေ့ဖက် ပြန်နှုတ်ဆက်တော့
ငါ့လက်ကိုင်ဆုပ် ပန်းတစ်ထုပ်ကြောင့်
ရုတ်ခြည်းသူ့တွင် ချမ်းမြေ့ရွှင်။

\- ဩော် ပန်းဈေးခင်းထဲ
ရင်းနှီးဆုံလာ သူနှင့်ငါသို့
ကမ္ဘာသူသား လူအများလျှင်
လုံ့ခြားမချီ သွေးမညှိပဲ
ချစ်ကြည်ဆုံတွေ့ ပန်းတစ်ပွေ့နှင့်
နေ့နေ့ညည ရှိနေကြလျှင်
ဘယ်မျှကောင်းလိုက်ပါမည်နည်း။ ။

**ချစ်စုအောင်**

## ပုသိမ်ကြီးမြို့နယ် အာလောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပုသိမ်ကြီး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အာလောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေကြောင်း တောင်ကိုရီးယား တပ်မတော်ပြောကြား

**ဆိုးလ် စက်တင်ဘာ ၉**

ကိုရီးယား နှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်နယ်စပ်စည်း ချိုးဖောက်ဝင်ရောက်မှု အပါအဝင် မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း တောင်ကိုရီးယားတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် စစ်ရေးအရအသင့်အနေအထားရှိနေမှုကို အခိုင်အမာဆက်လက် ထိန်းသိမ်းထားကြောင်း တောင်ကိုရီးယားတပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား မီဒီယာများ၏အဆိုအရ ယခုနှစ် ဩဂုတ်တစ်လတည်းအတွင်း မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်စစ်မဲ့ဇုန် နယ်စပ်စည်းကို ချိုးဖောက်ခဲ့သည့် အကြိမ်ရေသည် ၂၀၂၅ ခုနှစ် တစ်နှစ်လုံးအတွင်း ချိုးဖောက်ခဲ့သည့် အကြိမ်ရေထက် ပိုများကြောင်း သိရသည်။

တောင်နှင့်မြောက် ကိုရီးယား နယ်စပ်တစ်လျှောက် ခံတပ်စခန်းများ တည်ဆောက်မှုပြန်လည်စတင်နေချိန်တွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ စစ်မဲ့ဇုန်နယ်စပ်စည်းချိုးဖောက်ဝင်ရောက်မှုအကြိမ်ရေမြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO



# အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ တစ်နာရီကြာ ဖုန်းခေါ်ဆိုဆွေးနွေး



**မော်စကို စက်တင်ဘာ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင်တို့သည် စက်တင်ဘာ ၈ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော ယူကရိန်းစစ်ရေးပဋိပက္ခအမြန်ဆုံး ပြီးဆုံးရေးအတွက် မိမိဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားသမ္မတပူတင်ကို ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းစစ်ရေးပဋိပက္ခ အမြန်ဆုံး အဆုံးသတ်နိုင်မှသာ အမေရိကန်နှင့် ရုရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးကို အပြည့်အဝ ပြန်လည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုစဉ် သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပါသုံးသပ်ပြောကြားချက်များကို ရုရှားသမ္မတပူတင်ကလည်း ထောက်ခံခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင်တို့၏ စက်တင်ဘာ ၈ ရက် ဖုန်းခေါ်ဆိုဆွေးနွေးမှုမှာ တစ်နာရီထိကြာမြင့်ခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ရုရှားနိုင်ငံ မော်စကိုမြို့နှင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တို့သို့ အမေရိကန်အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့ သွားရောက်ခဲ့ပြီးနောက် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မကြာမီကာလအတွင်း အမေရိကန်၊ ရုရှား၊ ယူကရိန်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပနိုင်မည့် အလားအလာရှိသည်ဟု မော်စကိုနှင့် ကီယက်ဗ်ခရီးစဉ်များအပြီး အမေရိကန်အထူးသံတမန်များက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်ရေတပ်မောင်းသူမဲ့ ရေငုပ်ယာဉ်တစ်စီး ဟော်မုဇ်ရေလက်ကြား အဝင်၌ အီရန်ဖမ်းဆီးရမိ

**တီဟီရန် စက်တင်ဘာ ၉**

ဟော်မုဇ် ရေလက်ကြားအဝင်၌ အမေရိကန်မောင်းသူမဲ့ ရေငုပ်ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်တော်လှန်ရေး အစောင့်တပ်က ဖမ်းဆီးရမိခဲ့သော မောင်းသူမဲ့ရေငုပ်ယာဉ်မှာ အမေရိကန်နိုင်ငံကယ်လီဖိုးနီးယား ပြည်နယ်အခြေစိုက် အန်ဒူရီးလ်ကုမ္ပဏီကတည်ဆောက်ထားသည့် ရေငုပ်ယာဉ်ဖြစ်ကြောင်း အီရန်မီဒီယာများ၏ အဆိုအရသိရသည်။

ကိုယ်ထည်အလျား ၁၉ ပေရှိသည့် အဆိုပါရေငုပ်ယာဉ်သည် မိုင်းရှင်းလင်းရေး၊ ပင်လယ်ကြမ်းပြင်မြေပုံထုတ်ရေး၊ ထောက်လှမ်းရေး၊ သတင်းစုဆောင်းရေး စသည့် လုပ်ငန်းများအတွက် အသုံးပြုသည့် ရေငုပ်ယာဉ်ဖြစ်သည်။

အဆိုပါ မောင်းသူမဲ့ရေငုပ်ယာဉ်သည် နောက်ဆုံးပေါ်နည်းပညာများတပ်ဆင်ထားသော ရေငုပ်ယာဉ်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏အဆိုအရ အဆိုပါရေငုပ်ယာဉ်သည် စက်တင်ဘာ ၇ ရက်တွင် စက်ချွတ်ယွင်းခဲ့သော ရေငုပ်ယာဉ်ဖြစ်ပြီး အဆင့်မြင့်နည်းပညာသုံး ရေဒါပစ္စည်းများ တပ်ဆင်ထားခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အီရန်ရေနံတင်သင်္ဘော ငါးစီးကို အမေရိကန်တပ်မတော် တိုက်ခိုက်

**ဝါရှင်တန် စက်တင်ဘာ ၉**

ပါရှန်ပင်လယ်ကွေ့ ဒေသတွင်းရှိ အီရန်ရေနံတင်သင်္ဘောငါးစီးကို စက်တင်ဘာ ၈ ရက်တွင် တိုက်ခိုက် ဖျက်ဆီးခဲ့ကြောင်း အမေရိကန် အလယ်ပိုင်းစစ်ဒေသစစ်ဌာနချုပ်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်ရက်အတွင်း အမေရိကန်စစ်သင်္ဘော တစ်စီးကို နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ရန် အီရန်တော်လှန်ရေး အစောင့်တပ်က ကြိုးပမ်းခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ရေနံတင်သင်္ဘာ ငါးစီးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် အမေရိကန် စစ်သင်္ဘောများကို တိုက်ခိုက်ရန် ဆက်လက်ကြိုးပမ်းနေပါက ရေနံတင်သင်္ဘောများ ဆက်လက် ဆုံးရှုံးရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မာကိုရူဘီယိုက သတိပေးပြောကြားထားသည်။

အမေရိကန် တပ်မတော်က အီရန်ရေနံတင် သင်္ဘောများကို တိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံကလည်း ဂျော်ဒန်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းများကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံက ပစ်လွှတ်ခဲ့သော ဒုံးကျည်အစင်း ၂၀ အနက် ၁၈ စင်းကို လေကြောင်းရန်ကာကွယ်ရေးတပ်များက ကြားဖြတ်ပစ်ချနိုင်ခဲ့ပြီး ကျန်ဒုံးကျည်နှစ်စင်းမှာ လူသူနေထိုင်မှုမရှိသော နေရာများသို့ ကျရောက်ခဲ့သည်ဟု ဂျော်ဒန်တပ်မတော်က သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : RT
Trs : KKO

# အရှေ့ဂျေရုဆလင်ရှိ ဗြိတိန်ကောင်စစ်ဝန်ရုံး အစ္စရေးပိတ်သိမ်းမည်

**ဂျေရုဆလင် စက်တင်ဘာ ၉**

အရှေ့ဂျေရုဆလင်မြို့ရှိ ဗြိတိန်ကောင်စစ်ဝန်ရုံး ပိတ်သိမ်းမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အနောက်ဘက် ကမ်းဒေသ အစ္စရေးအခြေစိုက် အိမ်ရာစခန်းများမှ ထုတ်ကုန်များကို ပိတ်ပင်မည့် ဗြိတိန်၊ ပြင်သစ်၊ ကနေဒါတို့၏ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် အရှေ့ဂျေရုဆလင်ရှိ ဗြိတိန်ကောင်စစ်ဝန်ရုံးကို ပိတ်ပင်ရန် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။



ထို့ပြင် ဗြိတိန်အနေဖြင့် အမေရိကန်နိုင်ငံ ဦးဆောင်သည့် ဂါဇာကမ်းမြောင် စီမံခန့်ခွဲရေးမစ်ရှင်တွင်လည်း ဆက်လက်ပါဝင်ခွင့်ရှိမည်မဟုတ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆာက ပြောကြားထားသည်။

အလားတူ လေဘာပါတီခေါင်းဆောင်ဟောင်း ဂျရမီကော်ဘင်အပါအဝင် ဗြိတိန်တာဝန်ရှိသူအချို့ကိုလည်း အစ္စရေးနိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ရန် အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနက စီစဉ်ထားသည်။

ဗြိတိန်၏ လုပ်ဆောင်ချက်များသည် အချုပ်အခြာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ကြားဝင် စွက်ဖက်မှုဖြစ်သည်ဟု အစ္စရေး နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက ၁၀၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်



**ဝါရှင်တန် စက်တင်ဘာ ၉**

စပေ့စ်အိတ်ကုမ္ပဏီသည် ၁၀၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို စက်တင်ဘာ ၈ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ၁၉ ကြိမ်မြောက်အဖြစ် အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

အဆိုပါမစ်ရှင် အောင်မြင်ခဲ့ခြင်းကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းရေ ၁၁၀၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။

စက်တင်ဘာ ၈ ရက် မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၀၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ဆံပင်ကျွတ်မှုပြဿနာကို အရိုးအဆစ်ရောင်ရမ်းနာရောဂါ ဆေးဝါးတစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၉**

Alopecia Areata ခေါ် ပြဿနာတစ်မျိုးကြောင့် ဆံပင်ကျွတ်မှုပြဿနာကို အရိုးအဆစ်ရောင်ရမ်းနာရောဂါ ဆေးဝါးတစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၈ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Alopecia Areata ပြဿနာသည် လူ့ခုခံအားစနစ်က ဆံပင်မွေးညင်းပေါက်များကို မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်ပြီး ၎င်းပြဿနာကြောင့် ဆံပင်များ ကျွတ်ထွက်လာတတ်သည်။

သို့ရာတွင် Upadacitinib ခေါ် အရိုးအဆစ်ရောင်ရမ်းနာ ဆေးတစ်မျိုးသည် Alopecia Areata ပြဿနာကြောင့် ဆံပင်များကျွတ်မှုပြဿနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် Alopecia Areata ပြဿနာရှိနေသူ ၁၃၉၉ ဦးတို့ကို Upadacitinib ဆေးဖြင့် စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Upadacitinib ဆေးဖြင့် ကုသမှုခံယူပြီး ရက်သတ္တပတ် ၂၄ ပတ် အကြာတွင် ဆံပင်များ ပြန်ထွက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Upadacitinib ဆေးသည် Alopecia Areata ပြဿနာကြောင့် ဆံပင်များ ကျွတ်ထွက်မှုအတွက် ကုထုံးတစ်ရပ်ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO

## တရုတ်နိုင်ငံ၏ တီယန်ယူရေဒီယိုတယ်လီစကုပ်က ပထမဆုံးဓာတ်ပုံတွင် ကြယ်ပေါင်းတစ်သန်းကျော်ကို ရိုက်ကူးပေးနိုင်ခဲ့

**ပေကျင်း စက်တင်ဘာ ၉**

တရုတ်နိုင်ငံ၏ တီယန်ယူရေဒီယိုတယ်လီစကုပ်သည် ၎င်း၏ ပထမဆုံးဓာတ်ပုံတွင် ကြယ်ပေါင်း တစ်သန်းကျော်ကို ရိုက်ကူးပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

တီယန်ယူ ရေဒီယိုတယ်လီစကုပ်သည် အာကာသဟင်းလင်းပြင်စူးစမ်းလေ့လာရေး လုပ်ငန်းများစတင်သည့်နေ့မှာပင် ပထမဆုံးဓာတ်ပုံဖြင့် ကြယ်ပေါင်း တစ်သန်းကျော်ကို ရိုက်ကူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

တီယန်ယူ ရေဒီယိုတယ်လီစကုပ်သည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချင်းဟိုင်ပြည်နယ် လန်းဟူ နက္ခတ္တရူပဗေဒလေ့လာရေးစခန်း၌ တည်ရှိသည်။




အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်သည် စက်တင်ဘာ ၅ ရက်တွင် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေး လုပ်ငန်းများကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ယူ ရေဒီယိုတယ်လီစကုပ်သည် အချင်း တစ်မီတာရှိ အလင်းစုမှန်ပြားနှင့် နည်းပညာအဆင့်မြင့်ကင်မရာစနစ်တစ်ခုတို့ တပ်ဆင်ထားသည့် ရေဒီယိုတယ်လီကုပ်ဖြစ်သည်။

တီယန်ယူ ရေဒီယိုတယ်လီစကုပ်ကို ရှန်ဟိုင်းကျားတောင် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ၂၀၂၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ကော်ဖီသောက်သုံးမှုမြင့်မားခြင်းက သက်ကြီးပိုင်း အမျိုးသမီးများ၌ BMD ကျဆင်းလာတတ်

**ကင်ဘာရာ စက်တင်ဘာ ၉**

ကော်ဖီသောက်သုံးမှုမြင့်မားခြင်းသည် သက်ကြီးပိုင်းအမျိုးသမီးများ၌ အရိုးတွင်းထွက်ဓာတ်သိပ်သည်းဆ(BMD) ကျဆင်းလာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဖလင်းဒါးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် အမျိုးသမီး ၉၇၀၄ ဦးတို့၏ ကော်ဖီနှင့် လက်ဖက်ရည် သောက်သုံးမှုပုံစံများကို လေ့လာခဲ့ကြသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် စမ်းသပ်မှုတွင် ပါဝင်သူများ၏ ပေါင်ရိုးနှင့် တင်ပဆုံရိုးများ၏ BMD ပမာဏကို တိုင်းတာခဲ့ကြရာ လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လက်ဖက်ရည် သောက်သုံးသူ အမျိုးသမီးများတွင် တင်ပဆုံရိုး BMD အဆင့်မြင့်မားကြောင်း၊ သို့ရာတွင် ကော်ဖီသောက်သုံးမှု မြင့်မားသည့် သက်ကြီးပိုင်းအမျိုးသမီးများတွင်မူ BMD အဆင့် ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်း အမျိုးသမီးများအနေဖြင့် တစ်ရက်လျှင် ကော်ဖီငါးခွက်ထိ သောက်သုံးပါက BMD အဆင့် ကျဆင်း လာတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နာဆာ၏ အာကာသဆက်သွယ်ရေးကွန်ရက်(DSN)က ကယ်လီဖိုးနီးယားပြည်နယ်၌ ရေဒီယိုအင်တာနာစနစ်တစ်ခုကို ထပ်မံဖွင့်လှစ်

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အာကာသဆက်သွယ်ရေးကွန်ရက်(DSN)သည် ကယ်လီဖိုးနီးယားပြည်နယ်၌ အချင်း ၁၁၄ ပေရှိ ရေဒီယိုအင်တာနာစနစ်တစ်ခုကို ထပ်မံဖွင့်လှစ်ခဲ့ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

DSN ကွန်ရက်သည် ဗွိုင်ယေဂျာ-၁၊ ဗွိုင်ယေဂျာ-၂ နှင့် New Horizons ကဲ့သို့သော အာကာသယာဉ်များနှင့် အဆက်အသွယ်ပြုလုပ်နေသော ကွန်ရက်ဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ အချင်း ၁၁၄ ပေရှိ ရေဒီယိုအင်တာနာစနစ်ကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် အာကာသဟင်းလင်းပြင်အတွင်းရှိ အာကာသယာဉ်များနှင့် ဆက်သွယ်ရာတွင် DSN ကွန်ရက်၏ စွမ်းဆောင်ရည် ပိုမို အားကောင်းလာမည်ဖြစ်ကြောင်း သိရသည်။

DSN ကွန်ရက်သည် နေအဖွဲ့အစည်းအတွင်းနှင့် ကြယ်တာရာဟင်းလင်းပြင် နယ်မြေအတွင်းရှိ အာကာသယာဉ် အစင်း ၄၀ ကျော်နှင့်ဆက်သွယ်နေရသည်။

သို့ရာတွင် ၂၀၂၂ ခုနှစ် အားတီးမစ်-၁ မစ်ရှင်နှင့် ၂၀၂၆ ခုနှစ် အားတီးမစ်-၂ မစ်ရှင်တို့အတွက် ဆက်သွယ်ရေး တာဝန်များကိုလည်း DSN က ရယူပေးခဲ့ရာ ထိုစဉ်ကာလအတွင်း အခြားအာကာသယာဉ်များနှင့် ဆက်သွယ်မှုပြုလုပ်နိုင်စွမ်းကျဆင်းခဲ့ရသည်။

လက်ရှိအချိန်တွင် DSN ကွန်ရက်သည် ကယ်လီဖိုးနီးယားပြည်နယ်၊ စပိန်နိုင်ငံ မက်ဒရစ်မြို့အနီးနှင့် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့အနီးတို့တွင် အာကာသဆက်သွယ်ရေး ရေဒီယိုအင်တာနာစခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးအမျိုးသား လူငယ်ကစားသမားဆုအတွက် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ် ရေပန်းစားနေ

**ဘာစီလိုနာ စက်တင်ဘာ ၉**

၂၀၂၆ ခုနှစ်ကမ္ဘာ့အကောင်းဆုံး အမျိုးသား လူငယ်ကစားသမား ဆုအတွက် ဆန်ခါတင်ကစား သမားစာရင်းကို ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန် ကြေညာခဲ့ပြီးနောက် ဘာစီလိုနာ အသင်းမှ လမိုင်းယာမယ်က ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

လမိုင်းယာမယ်သည် ၂၀၂၅-၂၆ ဘောလုံးရာသီက ဘာစီလိုနာ အသင်းနှင့်အတူ စပိန်လာလီဂါ ဖလားဆွတ်ခူးခဲ့သကဲ့သို့ ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း စပိန်အသင်း ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ရာတွင် အဓိက ကစား သမားအဖြစ် ပါဝင်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသား လူငယ်ကစားသမားဆု အတွက်ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

အဆိုပါဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် လမိုင်း ယာမယ်နှင့်အတူ အသင်းဖော်ဖြစ် သည့် ကူဘာစီ၊ ပီအက်စ်ဂျီအသင်း မှ ဇိုင်းအမ်မရီ၊ ရီးရဲလ်မက်ဒရစ် အသင်းမှ ဒီယိုမန်ဒီ၊ မန်စီးတီး အသင်းမှ ဘူအာဒီ၊ လေဗာကူဆင် အသင်းမှမာဇာ၊ ဂျူဗင်တပ်အသင်း မှ အလာဘီဂိုဗစ်ချ်၊ ဘိုင်ယန်မြူး နစ်အသင်းမှ ခါရယ်၊ ဘုန်းမောက် အသင်းမှ ခရူပီ၊ အေဗီလာအသင်းမှ မန်ဇမ်ဘီတို့ ပါဝင်ခဲ့သည်။

ထို့ပြင် လမိုင်းယာမယ်သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသားကစားသမားဆု အတွက် လည်း ပထမအဆင့် ဆန်ခါတင် ဦးရေ၃၀ စာရင်းတွင် ပါဝင်နေသူဖြစ် ကြောင်းသိရသည်။ **Ref : 433**

**Trs : STA**



# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကိုယ်စီအနိုင်ရ

**မက်ဒရစ် စက်တင်ဘာ ၉**

ယခုနှစ် ဘောလုံးရာသီချန်ပီယံ လိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)ပွဲစဉ်များ ကို ယနေ့နံနက်ပိုင်းက စတင် ကျင်းပခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်း နှင့်မန်စီးတီးအသင်းတို့ ကိုယ်စီ အနိုင်ရခဲ့ကြောင်းFotmob သတင်း ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၁)အဖြစ် ယနေ့နံနက်ပိုင်းက ပေါ်တိုအသင်း အိမ်ကွင်းတွင် ပေါ်တိုအသင်းနှင့် မန်စီးတီး အသင်းတို့ကစားခဲ့ရာ မန်စီးတီး အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင် ရပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ၁ မိနစ် တို့တွင် ဟာလန်းက သွင်းယူခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သည့် ဟာလန်း သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ၅၉ ပွဲတွင် သွင်းဂိုး ၅၉ ဂိုးထိ သွင်းယူခဲ့ခြင်းဖြစ်သည်။



အလားတူ ရီးရဲလ်မက်ဒရစ် အသင်းအိမ်ကွင်းတွင် ရီးရဲလ် မက်ဒရစ်အသင်းနှင့် အင်တာမီ လန်အသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ရီးရဲလ်မက် ဒရစ်အသင်းအတွက် သွင်းဂိုးများ ကို ပွဲချိန် ၁၄ မိနစ်တွင် အမ်ဘတ်ပီ နှင့်ပွဲချိန် ၂၃ မိနစ်တွင် အင်တာ မီလန်အသင်း ဂိုးသမားမာတီ နက်ဇ်၏ အမှားမှတစ်ဆင့် ဗယ်ဗာဒီက သွင်းယူပြီး အင်တာမီ လန်အသင်းအတွက် တစ်လုံး တည်းသောသွင်းဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် အော်ဂတ်စ်တိုကသွင်းယူ ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင် ရခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု ပွဲစဉ်(၁) အခြားပွဲစဉ်များအဖြစ် ဒေါ့မွန်အသင်းက ဗီလာရီးရဲလ် အသင်းကို သုံးဂိုး နှစ်ဂိုး၊ ဘက်တစ် အသင်းက လိုင်လီအသင်းကို သုံးဂိုး နှစ်ဂိုး၊ အေဗီလာအသင်းက ဘရူဂျက်အသင်းကို သုံးဂိုး နှစ်ဂိုး၊ အေအီးကေအေသင် အသင်းက လက်စ်အသင်းကို တစ်ဂိုး ဂိုးမရှိ ဖြင့် အသီးသီးအနိုင်ရခဲ့ကြောင်း သိရသည်။ **Ref : Fotmob**

**Trs : STA**

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်း အပြီးသတ် ၂၃ ဦးစာရင်းထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၉**

ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ် သည့် အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲ (20th Asian Games 2026) အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် မည့် မြန်မာအမျိုးသမီးအသင်း၏ အပြီးသတ်ကစားသမား ၂၃ ဦး စာရင်းကို နည်းပြချုပ် ကောလင်း ဘဲလ်က ယနေ့တွင် ထုတ်ပြန်ခဲ့ ကြောင်းသိရသည်။

မြန်မာ အမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု (B) တွင် တောင်ကိုရီးယား၊ မြောက်ကိုရီး ယား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စုပွဲစဉ် အားလုံးကို ဂျပန်နိုင်ငံ Osaka မြို့ ရှိ Nagai Stadium ၌ ကစားမည် ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်း အပြီးသတ် ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မျိုးမြမြငြိမ်း၊ အိစန္ဒာဇော်၊ ဖူးလတ်နဒီ၊ ခံစစ် ကစားသမားနေရာတွင် ဇွန်ယုယ ဦး၊ လင်းလဲ့စိုး၊ ဇွန်သဲဦး၊ သန်းသန်း နွယ်၊ ယုယုနိုင်၊ ဖြူဖြူဝင်း၊ ခင်မျိုးသန္တာထွန်း၊ မေသက် မွန်မြင့်၊ ကွင်းလယ်ကစားသမား နေရာတွင် နော်ထက်ထက်ဝေ၊ ဝင်းဝင်း၊ ခင်မာလာထွန်း၊ လင်းမြင့်မိုရ်၊ ဒေစီအောင်၊ ဇင်မာထွေး၊ တိုက်စစ်ကစား သမားနေရာတွင် ရှုပါခိုင်၊ မြတ်နိုးခင်၊ ရွှေရည်ထွန်း၊ ဝင်း သိင်္ဂီထွန်း၊ မေထက်လှူ၊ စုစုကြည် တို့ပါဝင်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်း သည် စက်တင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီတွင် မြောက်ကိုရီးယား အသင်း၊ စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ် အသင်းတို့နှင့် ကစားရမည်ဖြစ် ကြောင်းသိရသည်။

**STA**

# U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ အယ်ကာရက်ဇ်ထွက်ခွာခဲ့ရ

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံတွင် ကျင်းပ နေသည့် U.S. Open အမျိုးသား တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ တွင် အမေရိကန်တင်းနစ်ကစား သမားချဲလ်တန်နှင့် ကမ္ဘာ့အဆင့် (၃) စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်တို့ ကစားခဲ့ရာ အယ်ကာရက်ဇ်က ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း AGTP သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီး နောက် U.S. Open အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် စတင်ပါဝင်ကစားခဲ့ကာ ချန်ပီယံ ဆုဆွတ်ခူးနိုင်ခြေအဆင့်(၂) သတ် မှတ်ခံထားရသော်လည်း ပြိုင်ပွဲ တွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ကျွန်တော် ဒဏ်ရာကနေ သက်သာလာပြီး အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ကျွန်တော် လိုချင်တဲ့ရလဒ်တော့ မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ဒဏ်ရာ ကြောင့် ကာလရှည်အနားယူခဲ့ရပြီး ပြန်ကစားနိုင်ခဲ့ပွဲမှာ အခုလောက် စွမ်းဆောင်နိုင်ခဲ့တာကို ကျေနပ်ပါ တယ်။ ချဲလ်တန်က ရုပ်ပိုင်းဆိုင်ရာ ရောစိတ်ပိုင်းဆိုင်ရာမှာပါ အားလုံး ပြည့်စုံနေပါတယ်။ ဒီရာသီမှာ အကောင်းဆုံးပုံစံရရှိနေတဲ့ ပြိုင် ဘက်ကစားသမားကို ကျွန်တော် ဖိအားပေး ကစားနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်နှင့် ချဲလ်တန် တို့ပွဲစဉ်တွင် အယ်ကာရက်ဇ်သည် ပုံမှန်လက်စွမ်းအောက် ကျရောက် ခဲ့ပြီး (၆-၇)၊ (၆-၁)၊ (၆-၃)၊ (၁-၆)၊ ၇-၆) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : AGTP**

**Trs : STA**

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် မက်ဆီက ၁၇ ကြိမ်မြောက် ပါဝင်ခဲ့ပြီး စီရော်နယ်ဒိုက လေးကြိမ်ဆက်ပါဝင်လာခြင်းမရှိ

**ဇူးရစ် စက်တင်ဘာ ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ၂၀၂၆ ခုနှစ်ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ပထမ အဆင့် ဆန်ခါတင်ကစားသမား ဦးရေ ၃၀ စာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ အင်တာမီယာမီ အသင်းမှ မက်ဆီက ၁၇ ကြိမ် မြောက်ပါဝင်လာခဲ့ပြီး အယ်လ်နာ ဆာအသင်းမှ စီရော်နယ်ဒိုက လေးကြိမ်ဆက်ပါဝင်လာခြင်းမရှိ ခဲ့ကြောင်း 365 Scores သတင်း ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



မက်ဆီသည် ၂၀၀၆ ခုနှစ်မှ စတင်ပြီး ကမ္ဘာ့အကောင်းဆုံးကစား သမားဆုအတွက် ပထမအဆင့် ဆန်ခါတင် ကစားသမားစာရင်း တွင် ၂၀၂၂ ခုနှစ်၊ ၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ်တို့တွင် ပါဝင်လာခြင်း မရှိခဲ့သော်လည်း ယခုနှစ်အပါ အဝင် ၁၇ ကြိမ်ထိ ပါဝင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ကစား သမားဆုကို ကလပ်အသင်းစွမ်း ဆောင်ရည်နှင့် လက်ရွေးစင် အသင်း စွမ်းဆောင်ရည်များအပေါ် အခြေခံ တွက်ချက်ကာပေးအပ် ခဲ့ခြင်းဖြစ်ပြီး မက်ဆီသည် အင်တာမီယာမီအသင်းနှင့် ကြီး ကြီးမားမား စွမ်းဆောင်မှုမရှိခဲ့ သော်လည်း အာဂျင်တီးနားအသင်း နှင့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် တက်ရောက် ခဲ့သည့်အတွက် ပထမအဆင့် ဆန်ခါတင် ကစားသမားစာရင်း တွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ကစားသမား ဆုအတွက် ပထမအဆင့်ဆန်ခါတင် ကစားသမား ဦးရေ၃၀ စာရင်းတွင် ပါဝင်လာခြင်း မရှိသည့်အတွက် ၂၀၂၂ ခုနှစ်မှစတင်ပြီး လေးနှစ် ဆက် ပါဝင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

**Ref : 365 Scores**

**Trs : STA**

# စထရစ်လန်းနှင့် အီမာဖော့တို့ပွဲစဉ်တွင် အစားထိုးဝင်ရောက်ထိုးသတ်ရန် အသင့်ရှိဟု ချီမေ့ဗ်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၉

ရုရှားဖိုက်တာချီမေ့ဗ်က အမေရိကန်ဖိုက်တာ စထရစ်လန်းနှင့် ရုရှားဖိုက်တာ အီမာဖော့တို့ပွဲစဉ်တွင် မိမိအနေဖြင့် အစားထိုးဝင်ရောက်ထိုးသတ်ရန် အသင့်ရှိဟု ပြောကြားခဲ့ကြောင်း UFC သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



စထရစ်လန်းနှင့် အီမာဖော့တို့သည် ဒုတိယအကြိမ်မကျေပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင်ကျင်းပမည့် UFC 335 ပြိုင်ပွဲတွင် ထိုးသတ်မည်ဖြစ်သည်။

ချီမေ့ဗ်က "ကျွန်တော် စထရစ်လန်းနဲ့ အီမာဖော့တို့ပွဲစဉ်ကို စောင့်ကြည့်နေပါတယ်။ သူတို့ပွဲစဉ်မဖြစ်မြောက်ဘူးဆိုရင် ကျွန်တော် အီမာဖော့နေရာမှာ အစားထိုးဝင်ရောက်ပြီး စထရစ်လန်းနဲ့ထိုးချင်ပါတယ်။ သူတို့နှစ်ဦး ပွဲဖြစ်မြောက်တယ်ဆိုရင်လဲ သူတို့ထဲက အနိုင်ရတဲ့သူနဲ့ ကျွန်တော်ထိုးသတ်ချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ချီမေ့ဗ်နှင့် စထရစ်လန်းတို့သည် ပြီးခဲ့သည့် မေ ၁၀ ရက်က ကျင်းပခဲ့သည့် UFC 328ပြိုင်ပွဲတွင် UFC ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် ထိုးသတ်ခဲ့ပြီး စထရစ်လန်းက ဒိုင်ပွဲရလဒ်ဖြင့် အနိုင်ရခဲ့ကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးပြီးနောက် ယခုအခါ ချီမေ့ဗ်က UFC ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်အတွက် ဒုတိယအကြိမ် ပြန်လည်ထိုးသတ်ရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : UFC

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၃) အကောင်းဆုံးကစားသမားဆုကို အာဆင်နယ်အသင်းမှ အိုဒီဂတ်ဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၉

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၃)အတွက် အကောင်းဆုံးကစားသမားဆုကို အာဆင်နယ်အသင်းကွင်းလယ်ကစားသမား အိုဒီဂတ်က ဆွတ်ခူးခဲ့ကြောင်း Premier-league.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ်ကစားခဲ့သည့်ပွဲစဉ်များမှ အာဆင်နယ်အသင်းက လန်ဒန်မြို့ခံ ပြိုင်ဘက်ချဲလ်ဆီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အိုဒီဂတ်က အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ အသင်းအတွက် အနိုင်ဂိုးကိုသွင်းယူခဲ့ပြီးနောက် ပွဲစဉ်(၃)၏ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အတွက် အကောင်းဆုံးကစားသမားဆုကို ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူခဲ့ရာ အိုဒီဂတ်က ၃၁ ရာခိုင်နှုန်းထိရရှိခဲ့ပြီး ၎င်း၏နောက်တွင် လီဗာပူးအသင်းမှ အီဆက်က ၃၀ ရာခိုင်နှုန်းဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်ပွဲစဉ်(၁)အတွက် အကောင်းဆုံးကစားသမားဆုကို ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာ၊ ပွဲစဉ်(၂)အတွက် အကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းမှ ဖာနန်ဒက်၊ ပွဲစဉ်(၃)အတွက် အကောင်းဆုံးကစားသမားဆုကို အိုဒီဂတ်တို့က ဆွတ်ခူးခဲ့ကြောင်းသိရသည်။

Ref : Premierleague.com

Trs : STA




# ချန်ပီယံလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ရာအူးလ်၏ သွင်းဂိုးအရေအတွက်ကို ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘာ့ပ်ပီ လိုက်မီ

မက်ဒရစ် စက်တင်ဘာ ၉

ရီးရဲလ်မက်ဒရစ် အသင်းတိုက်စစ်မှူး အမ်ဘာ့ပ်ပီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ ရီးရဲလ်မက်ဒရစ်အသင်း ဂန္ထဝင်ကစားသမားရာအူးလ်၏ သွင်းဂိုးအရေအတွက်ကို လိုက်မီခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အမ်ဘာ့ပ်ပီသည် အဆိုပါပွဲစဉ်၌ ပွဲချိန် ၁၄ မိနစ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၇၁ ဂိုးရှိလာခဲ့ပြီး ရာအူးလ်၏ သွင်းဂိုးအရေအတွက်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

အမ်ဘာ့ပ်ပီသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းဟောင်းများဖြစ်သည့် မိုနာကိုအသင်းနှင့်အတူ သွင်းဂိုး ခြောက်ဂိုး၊ ပီအက်စ်ဂျီအသင်းနှင့်အတူ သွင်းဂိုး ၄၂ ဂိုး၊ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ သွင်းဂိုး ၂၃ ဂိုး စုစုပေါင်း သွင်းဂိုး ၇၁ ဂိုးရှိလာခဲ့ပြီး ရာအူးလ်၏ သွင်းဂိုးအရေအတွက်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အယ်လ်နာဆာ အသင်းမှ စီရော်နယ်ဒိုက ၁၄၀ ဂိုးဖြင့်ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင်အင်တာ မီယာမီအသင်းမှ မက်ဆီက ၁၂၉ ဂိုးဖြင့် ဒုတိယ၊ ချီကာဂိုဖိုင်းယားအသင်းမှ လီဝမ်ဒေါဖစ်ကီး က ၁၀၉ ဂိုးဖြင့် တတိယ၊ ရီးရဲလ်မက်ဒရစ် အသင်းကစားသမားဟောင်း ဘင်ဇီမားကသွင်းဂိုး ၉၀ ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေပြီး အမ်ဘာ့ပ်ပီက ၇၁ ဂိုးဖြင့် ပဉ္စမနေရာတွင်ရပ်တည်နေကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# မန်ယူအသင်းပရိသတ်များက လက်မှတ်ရောင်းချမှု အပေါ်ကျေနပ်မှုမရှိသည့်အတွက် မန်စီးတီးအသင်းနှင့် ပွဲစဉ်မတိုင်မီ ဆန္ဒပြမှုများလုပ်ဆောင်ရန်စီစဉ်

မန်ချက်စတာ စက်တင်ဘာ ၉

မန်ယူအသင်းပရိသတ်များက အသင်းမှ တာဝန်ရှိသူများ၏ လက်မှတ် ရောင်းချမှုများအပေါ် ကျေနပ်မှုမရှိသည့်အတွက် မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်တွင်ကစားမည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်မတိုင်မီ ကန့်ကွက်ဆန္ဒပြမှုများလုပ်ဆောင်ရန်စီစဉ်နေကြောင်း Morning Star သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ အသင်း၏ တစ်ရာသီစာလက်မှတ်ရောင်းချမှုများကို ရပ်ဆိုင်းခဲ့သည့်အတွက် အသင်းပရိသတ်များက တာဝန်ရှိသူများကို ဖြေရှင်းချက်ပေးရန် ဒါဘီပွဲစဉ်မတိုင်မီ ဆန္ဒပြမှုများလုပ်ဆောင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအမာခံပရိသတ်အုပ်စုဖြစ်သည့် The 1958 အဖွဲ့အစည်းက ဦးဆောင်ပြီးပရိသတ်စုရုံးကာ ဒါဘီပွဲစဉ်မတိုင်မီ ဆန္ဒပြမှုများ လုပ်ဆောင်မည်ဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းတာဝန်ရှိသူများက မှားယွင်းစွာ လက်မှတ်ဝယ်ယူခွင့် ပိတ်ပင်မိခဲ့သည်ဟု ဝန်ခံထားသော်လည်း အဆိုပါပြဿနာကို ဖြေရှင်းပေးခြင်းမရှိသေးဘဲ လက်မှတ်ရောင်းချမှုများကို ပိတ်ပင်ထားဆဲဖြစ်သည့်အတွက် ပရိသတ်များက အိုးထရက်ဖို့ဒ်ကွင်းပြင်ပတွင် ဆန္ဒပြပွဲ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Morning Star

Trs : STA

# Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁၆)တွင် အင်္ဂလန်စက်ဘီးစီးကစားသမား ဘရန်နန် ချန်ပီယံဆုဆွတ်ခူး



မက်ဒရစ် စက်တင်ဘာ ၉

စပိန်နိုင်ငံတွင် ကျင်းပနေသည့် Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁၆)တွင် အင်္ဂလန်စက်ဘီးစီးကစားသမား ဘရန်နန်က ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်းLa Vuelta သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲအဆင့်(၁၆)ကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ရာ စပိန်နိုင်ငံ၏ ရာသီဥတုပူပြင်းမှုကြောင့် ပြိုင်ပွဲဝင်များအတွက် အခက်တွေ့ခဲ့သော်လည်း ဘရန်နန်က အကောင်းဆုံး စွမ်းဆောင်ခဲ့ပြီး ၃နာရီ ၅၆ မိနစ် ၃၃ စက္ကန့်ဖြင့် ပန်းဝင်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘရန်နန်သည် Vuelta a Espana 2026စက်ဘီးစီးပြိုင်ပွဲတွင် အဆင့်(၂)၊ အဆင့်(၄)၊ အဆင့်(၁၁)တို့တွင်လည်း ချန်ပီယံဆုများ ဆွတ်ခူးခဲ့ပြီး ယခုအခါအဆင့်(၁၆)တွင်ပါ ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် Vuelta a Espana 2026စက်ဘီးစီးပြိုင်ပွဲတွင် လေးကြိမ်မြောက် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လက်ရှိ Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲတွင် ချန်ပီယံဆု အကြိမ်ရေအများဆုံးကစားသမားအဖြစ် ဆလိုဗေးနီးယားစက်ဘီးစီး ကစားသမား ပိုဂါကာက ချန်ပီယံဆု ခြောက်ကြိမ်ဖြင့်အကြိမ်ရေအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ၎င်းအနေဖြင့်အဆင့်(၁၀)ပြိုင်ပွဲတွင်ရရှိခဲ့သည့် မတော်တဆမှု ဒဏ်ရာကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်း မရှိဘဲ ၎င်း၏နောက်တွင် ဘရန်နန်က လေးကြိမ်ဖြင့် ဒုတိယ၊ နယ်သာလန်စက်ဘီးစီးကစားသမား ဗန်အာ့က သုံးကြိမ်ဖြင့်တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : La Vuelta

Trs : STA

# လူငယ်တို့၏အင်အားဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်

ဘုန်းမြတ်

လူငယ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၏ အတောက်ပဆုံးသောမျှော်လင့်ချက်အလင်းရောင်ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် လူ့ဘောင်အဖွဲ့အစည်း၏ ကြီးမားသောပြောင်းလဲမှုများ၊ တိုးတက်ဆန်းသစ်မှုများနှင့် ခေတ်ရေစီးကြောင်းဆိုင်ရာ အလှည့်အပြောင်းတိုင်းသည် မျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်ရည်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယနေ့ခေတ်သည် နည်းပညာများတဟုန်ထိုးတိုးတက်လာပြီး ကမ္ဘာကြီးတစ်ခုလုံးစိန်ခေါ်မှုမျိုးစုံဖြင့် ဆန်းပြားတိုးတက်နေသည်ဖြစ်ရာ မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍသည် ပိုမိုအရေးပါလာခဲ့သည်။

ဒစ်ဂျစ်တယ်ခေတ်ရေစီးကြောင်းများနှင့်အတူ ယနေ့လူငယ်များသည် အသိပညာ၊ အတတ်ပညာနှင့် သတင်းအချက်အလက်များကို လျင်မြန်စွာရယူသုံးစွဲနိုင်သည့် စွမ်းရည်အပြည့်ရှိကြသည်။ ထို့ပြင် စိန်ခေါ်မှုများကိုရင်ဆိုင်ရာတွင် ခေတ်ဟောင်းအယူအဆများကိုကျော်လွန်၍ ဆန်းသစ်သော အတွေးအခေါ်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် မလျှော့သော ဇွဲလုံ့လတို့ဖြင့် တုံ့ပြန်နိုင်စွမ်းရှိကြသည်။ ထို့ကြောင့် လူငယ်များ၏ တိုးတက်လိုစိတ်၊ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ အရည်အသွေးများသည် အနာဂတ်အတွက် အရေးကြီးပေသည်။

သမိုင်း၏ စာမျက်နှာများကို ပြန်လည်ကြည့်ရှုပါက လူ့ဘောင်အဖွဲ့အစည်း၏ အပြောင်းအလဲတိုင်းတွင် လူငယ်များသည် ဦးဆောင်သူများ၊ ပွဲကိုင်ရှင်များအဖြစ်ပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ လူငယ်တို့၏သဘာဝတွင် ကြောက်ရွံ့မှုကင်းခြင်း၊ စိန်ခေါ်မှုများကိုရင်ဆိုင်လိုခြင်းနှင့် အသစ်အဆန်းများကို စမ်းသပ်လိုသည့်စိတ်တို့ ကိန်းအောင်းနေသည်။ လူငယ်များ၏ တက်ကြွသောစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ လူငယ်တို့၏အတွေးအခေါ်များတိုးတက်ဆန်းသစ်မှုမရှိပါက ထိုလူ့အဖွဲ့အစည်းသည် တဖြည်းဖြည်းမှေးမှိန်သွားမည်ဖြစ်ပြီး စွမ်းဆောင်ရည်ထက်မြက်နေပါက ထိုနိုင်ငံ၏ အနာဂတ်သည် အစဉ်အမြဲတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ပုံရိပ်သည် အဆိုပါနိုင်ငံ၏ ရေခံမြေခံနှင့် နေထိုင်သောလူငယ်ထု၏ အရည်အသွေးပေါ်တွင် လုံးဝ မူတည်နေသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကိန်းဂဏန်း အချက်အလက်များအရ မြန်မာနိုင်ငံတွင်လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်ရှိသည့်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်လူရွယ်များဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံသည် လုပ်ကိုင်နိုင်စွမ်းနှင့် ဖန်တီးနိုင်စွမ်းမြင့်မားသော လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထင်ရှားစွာတွေ့ရှိရသည်။ အထူးသဖြင့် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်ရှိပြီး နိုင်ငံလူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော်ထိ ပါဝင်နေသည်ကို တွေ့ရသည်။

အသက် ၁၅ နှစ်မှ ၂၄ နှစ်ဆိုသည်မှာ ဘဝ၏ အရေးကြီးဆုံးကာလတစ်ခုဖြစ်သည်။ ထိုအရွယ်သည် အသိပညာ၊ အတတ်ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းများမြင့်မားအောင် ကြိုးပမ်းအားထုတ်ရမည့် တက်ကြွသောအရွယ်ဖြစ်သည်။ လူငယ်များ၏အသိဉာဏ်၊ အတွေးအခေါ်၊ ကျန်းမာရေးနှင့် နည်းပညာတတ်မြောက်မှုတို့ကိုစနစ်တကျ ပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်၏အကြီးမားဆုံးသော လူသားအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

**❖ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ❖**

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကိုတန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယနေ့ခေတ်ကမ္ဘာကြီးသည် နည်းပညာ၏ အရှိန်အဟုန်ပြင်းစွာ တိုးတက်ပြောင်းလဲမှုများနှင့်အတူ နယ်ပယ်ကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုများစွာရှိသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားရာတွင် မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့် ပေါင်းစည်းအား၊ အခက်အခဲများကို အခွင့်အလမ်းအဖြစ် အသွင်ပြောင်းလဲနိုင်သည့် အရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုတို့သည် အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ အနာဂတ်အတွက် အရေးပါလှသည့်စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်များနှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့်ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျဆောင်ရွက်ပေးနိုင်ရေးသည် အလွန်အရေးကြီးသည်။

တစ်ဖက်တွင်လည်း နည်းပညာတိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကြောင့် လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများသည် ပိုမိုကျယ်ပြန့်အားကောင်းလာခဲ့သည်။ လူငယ်များသည် ခေတ်မီနည်းပညာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်စွမ်းရှိပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းကာ ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်သူများဖြစ်ကြသည်။ သို့သော် ဒစ်ဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များ လျင်မြန်စွာစီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိသကဲ့သို့ အမှားအမှန်ခွဲခြားသိမြင်နိုင်မည့် ဝေဖန်ပိုင်းခြားမှုရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်လိုက်နာရန်နှင့် ဆိုက်ဘာလုံခြုံရေးကို သတိထားရန်အစရှိသည့် စိန်ခေါ်မှုများစွာလည်း ရှိနေသည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကိုထိခိုက်စေသည့် လုပ်ရပ်များကို ရှောင်ကြဉ်ပြီးတာဝန်သိသည့် လူငယ်များအဖြစ် ရပ်တည်သွားကြရန်ဖြစ်သည်။

ယနေ့ခေတ်တွင် နည်းပညာများတိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကိုတွေ့ရသည်။ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်သည်။ ခေတ်မီနည်းပညာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့်ရင်ဘောင်တန်းပြီး အပြုသဘောဆောင်သည့်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြသည်။

ထို့ကြောင့် ၎င်းတို့၏ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့်အတွေးအခေါ်များကို နိုင်ငံတော်ကအလေးအနက်ထားအသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန်လိုအပ်ပေသည်။ ယနေ့ဒစ်ဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာစီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကိုအသုံးပြုရာတွင် အမှားအမှန်ကိုခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှုရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်သည်။ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့်လုပ်ရပ်များကိုရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒစ်ဂျစ်တယ်နိုင်ငံသားများအဖြစ် ရပ်တည်ကြရမည်ဖြစ်သည်။

ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့အသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးလှသည်။ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချရင်းဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာကသိအောင်မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့်လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင်ကမ္ဘာတစ်ဝန်းဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ တိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။ မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်များပါဝင် ဆောင်ရွက်နိုင်သည့် လူမှုရေးနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ရှားမှုများကို နိုင်ငံတော်၊ လူမှုအဖွဲ့အစည်းများနှင့် မိဘပြည်သူများကဝိုင်းဝန်းကူညီမြှင့်တင်ပေးကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လူငယ်များသည် နိုင်ငံတော်၏အနာဂတ်ကိုပုံဖော်ထုဆစ်အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သောကြောင့် ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်၊ လူရွယ်များဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ၁၃.၈.၂၀၂၆ ထုတ်သတင်းစာများ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မော ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်




**ရန်ကုန် စက်တင်ဘာ ၉**

စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မော ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မော ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထွဋ်တင့်ထွန်းက ရေးသားထားပြီး ထွဋ်တင့်ထွန်းကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကနေ အနုပညာစလုပ်ခဲ့တယ်။ အခုလာမဲ့ နိုဝင်ဘာလဆိုရင် အနုပညာသက် ၁၄ နှစ်ရှိပါပြီ။ ကျွန်တော့်ရဲ့ ခေါင်းဆောင်ဇာတ်ရုပ်နဲ့မိတ်ဆက်ထားတဲ့ ရုပ်ရှင်ကားရုံတင်ခွင့်ရတာပါ။ ဒီအတွက် ရင်ခုန်နေပါတယ်။ ဒီလိုမျိုး လုပ်ဖော်ကိုင်ဖက်တွေက ချီးကျူးကြတဲ့စကားတွေကို ကြားရလို့ ဝမ်းသာရပါတယ်။ ဒီလမ်းခရီး တစ်လျှောက် အခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါတယ်။ ကျွန်တော်တည်ဆောက်ထားတဲ့အရာအတိုင်း တဖြည်းဖြည်းချင်းဖြစ်လာလို့ ပျော်ပါတယ်။ မောမှာလဲ ကျွန်တော့်အနေနဲ့ အကောင်းဆုံးကြိုးစားပုံဖော်ခဲ့ပါတယ်"ဟု သရုပ်ဆောင် အောင်ရဲထိုက်က ပြောပြသည်။

မော ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲထိုက်၊ ရဲလွင်ဦး၊ စူးရှထူး၊ အာဒံဦး၊ ဇော်ဦး၊ မင်းသူ၊ မို့မို့မြင့်အောင်၊ သုန္ဒြေဦး၊ မာဂျမ်းခေး၊ နှင်း၊ အိမ့်ခြူးအိမ်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Avenger: Secret Wars ဇာတ်ကား၌ မင်းသား နိုအာဂျူ ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် စက်တင်ဘာ ၉**

မာဗယ်စတူဒီယို၏ Avenger: Secret Wars စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားတွင် မင်းသား နိုအာဂျူ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

Avenger: Secret Wars ဇာတ်ကား၌ မင်းသား နိုအာဂျူ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မာဗယ်စတူဒီယိုက ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

မင်းသား နိုအာဂျူသည် Avenger: Secret Wars ဇာတ်ကား၌ မင်းသား ရောဘတ်ဒေါင်နေးဂျူနီယာ၊ မာ့ရပ်ဖလို၊ မင်းသမီး ဆာဒီဆင့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Avenger: Secret Wars ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရပ်ဆိုးနှင့် ဂျိုးရပ်ဆိုးတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ကာဘီနှင့် စတန်းလီတို့က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Avenger: Secret Wars ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်ကုန်ပိုင်းတွင် စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# အလင်းမဲ့မီးအိမ် ရုပ်သံဇာတ်လမ်းကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် စက်တင်ဘာ ၉**

အလင်းမဲ့မီးအိမ် ရုပ်သံဇာတ်လမ်းကို SKYPREMIER HD ရုပ်သံလိုင်းမှ စက်တင်ဘာ ၁၂ တွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် မင်းအာကာထံမှ သိရသည်။

အလင်းမဲ့မီးအိမ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထူးထက်ထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ နေသူရိန်က တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းမှာတော့ ဒုစရိုက်သမားတွေရဲ့ ဇာတ်သိမ်းမလှတဲ့ ဘဝအကြောင်းကို ပုံဖော်ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒုစရိုက်သမားတွေရဲ့ဘဝနိဂုံးဟာ ဘယ်လို အဆုံးသတ်မလဲဆိုတာ SKYPREMIER HD ရုပ်သံလိုင်းမှာ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် မင်းအာကာက ပြောပြသည်။




အဆိုပါ အလင်းမဲ့မီးအိမ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ နေဆန်း၊ ဟိန်းဇေ၊ မင်းအာကာ၊ ခေးဆက်သွင်၊ ဖြူသဲဦး၊ စောယုနန္ဒာ၊ ဝင်းမင်းသန်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး SKYPREMIER HD ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် စက်တင်ဘာ ၁၂ ရက် စနေနေ့ ည ၉ နာရီတွင် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# The Waffle House Index ဇာတ်ကား၌ မင်းသမီး အင်ဒီနားဗားရက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၉**

Apple Original Films ကုမ္ပဏီ၏ The Waffle House Index ဇာတ်ကား၌ မင်းသမီး အင်ဒီနား ဗားရက် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

မင်းသမီးအင်ဒီနားဗားရက်သည် မာဗယ်စတူဒီယို၏ X- Men ဇာတ်ကား၌ Rogue ဇာတ်ကောင်နေရာတွင် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် The Waffle House Index ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Apple Original Films ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

The Waffle House Index ဇာတ်ကားကို ဒါရိုက်တာ လူးဝစ်ပက်စတန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒရူးနန်နယ်လီက တာဝန်ယူ ရေးသားပေးထားကြောင်း Apple Original Films ကထုတ်ပြန်ထားသည်။

The Waffle House Index ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Apple Original Films က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ရွှေမြင်းမိုရ် ပြို့မှာစိုးတယ် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၉**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ရွှေမြင်းမိုရ် ပြို့မှာစိုးတယ် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို စက်တင်ဘာ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေမြင်းမိုရ် ပြို့မှာစိုးတယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ လယ်တွင်းသားစောချစ်၏ တစ်ချိန်က အောင်မြင်ခဲ့သည့် လုံးချင်းဝတ္ထုကို လွင်မင်းအံ့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ဩရသက ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက လွန်ခဲ့တဲ့နှစ် ၄၀ လောက်က ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ ထင်ရှားတဲ့လုံးချင်းဝတ္ထုကို ပြန်လည်အသက်သွင်းတာ ဖြစ်တဲ့အတွက် တာဝန်ကြီးပါတယ်။ ရှေ့မှာလဲ ဝါရင့်ဒါရိုက်တာကြီးတွေက ဝါရင့်မင်းသား၊ မင်းသမီးတွေနဲ့ ဗီဒီယိုဇာတ်လမ်းတွေအဖြစ် ရိုက်ကူးတင်ဆက်ခဲ့ပြီး အောင်မြင်ခဲ့တဲ့အတွက် အခု ပြန်ရိုက်ကူးတဲ့အခါ ပရိသတ်လက်ခံနိုင်တဲ့ အနေအထားရောက်အောင် အားလုံးကြိုးစားကြမှာ ဖြစ်ပါတယ်"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင် ရဲရင့်သော်က ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ရွှေမြင်းမိုရ် ပြို့မှာစိုးတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ရဲရင့်သော်၊ ဇင်မျိုး၊ အောင်ဇော်မင်း၊ မေမီကိုကို၊ ပိုးမမီသာ၊ မျိုးမျိုးခိုင်၊ အေးသီတာ၊ နန်းခမ်းဝါ၊ ကလေးသရုပ်ဆောင် နန်းကုဋေစံဦး၊ ကောင်းကင်ကိုကို၊ ပိုးမြတ်ရတနာကျော်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Online Scam and Gambling Offenders Arrested with Operational Equipment in Tachilek

**Offenders involved in online scam and online gambling activities seen with related equipment in Wamkao Ward, Tachilek, Shan State (East).**





**Five online gambler Chinese nationals are seen with related accessories.**

**Nay Pyi Taw September 9**

The government is placing emphasis on the identification, prevention and suppression of online scam and online gambling offenders who have illegally entered Myanmar across the border and are posing a serious threat not only to local communities but also to the socioeconomic well-being of people around the world, treating these efforts as a national responsibility. In addition, it is coordinating with the governments of neighbouring countries to effectively identify, arrest and take legal action against those offenders.

In this regard, the reports from responsible members of the public that perpetrators of online scams and online gambling were staying in Tachilek, Shan State (East), combined teams comprising security personnel conducted investigations and searches of houses in wards across the town. At about 4 pm today, the teams arrested a total of 56 people from a house in Wamkao Ward, including five Chinese men, 25 Myanmar men and 26 Myanmar women who were involved in online scams and online gambling activities, along with 60 assorted computers, five Wi-Fi devices, 14 tables, 51 chairs, two unlicensed vehicles, and related equipment.

The arrestees who were found to be engaged in online scams and online gambling will be subjected to the necessary investigations, after which effective and severe legal action will be taken against them in accordance with the existing laws. The seized equipment used in the activities will be dealt with further in accordance with the prescribed procedures.

The State is actively continuing its efforts to combat online scams and online gambling in cooperation with neighbouring countries, regional countries and international organizations, with the aim of eliminating such offences and preventing perpetrators from establishing and operating such activities within Myanmar. 100



**Unlicensed vehicles seized at the location of illegal online gambling activities.**

# Farmers to grow more than 54,000 acres of chickpea in Wetlet Township

**Wetlet September 9**

Statistics of Wetlet Township Agriculture Department stated that local farmers will cultivate more than 54,000 acres of chickpea in Wetlet Township of Sagaing Region this year.

During the 2026-2027 winter crop season, 54,327 acres of chickpeas are targeted for cultivation in Wetlet Township, with planting scheduled to take place from October to December of this year.

"We have targeted over 54,000 acres of chickpea cultivation in Wetlet Township for the upcoming winter crop season. We will work to ensure this targeted acreage is fully planted. Chickpea cultivation has been increasing year by year. To ensure good crop yields and quality, we will collaborate with farmers to provide the necessary high-quality pure seeds, agricultural inputs, and post-harvest technology," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

For chickpea cultivation, farmers typically choose Yezin-8 and Yezin-11 seed varieties, which are well-suited to the region and offer good yields. It is reported that cultivating one acre of chickpeas costs over K300,000.

During the cultivation of various pulses in this year's winter crop season, collaborative efforts are being made with farmers to provide the high-quality seeds, agricultural inputs, and post-harvest technology needed to improve crop yields and quality. Additionally, awareness and educational campaigns to encourage the use of beneficial Trichoderma fungi during the pulse planting period will be conducted in coordination with model farmers.

Sagaing Region holds the highest cultivated area for pulses nationwide. Because pulses can be grown not only as a primary crop but also as a multiple crop or intercrop, farmers widely cultivate them as a reliable cash crop. 206

# 1 dead, over 40 injured as heavy rain lashes central Japan

**Tokyo September 9**

At least one person has been killed in a landslide and more than 40 others injured in central Japan as torrential rain continued to pound the region, local media reported Wednesday.

Some 41 people sustained minor injuries as of 1 p.m. local time on Wednesday in Nagoya City, Aichi Prefecture, while a person caught in a landslide Tuesday morning in Kawanehoncho, Shizuoka Prefecture, was pronounced dead on Wednesday, Kyodo News reported.

As of Wednesday, around 3,500 people had taken shelter at evacuation centers and some 200 vehicles had been inundated in Nagoya, the report said.

The Japan Meteorological Agency said Wednesday that heavy rain is expected to continue across wide areas of the country through Thursday due to an active front, urging people to remain on high alert for landslides, overflowing rivers and flooding in low-lying areas.

Xinhua

# Germany postpones planned phone call between Merz, Trump

**Berlin September 9**

The German government has postponed a scheduled telephone conversation between Chancellor Friedrich Merz and U.S. President Donald Trump, government spokesperson Stefan Kornelius said on Wednesday.

The phone call had been planned for Wednesday. Kornelius did not provide specific reasons for the postponement and a new date has not yet been set.

When asked whether the delay was linked to Trump's recent remarks regarding the state election victory of the far-right Alternative for Germany (AfD) party in Saxony-Anhalt, the spokesperson declined to comment directly.

After the state parliament election in Saxony-Anhalt last Sunday, Trump celebrated the success of the AfD, which secured a record 43.8 percent of the vote, making it the strongest force in the state parliament. Meanwhile, the ruling Christian Democratic Union (CDU) suffered a heavy blow, with its share of the vote plummeting to 17.4 percent from 37.1 percent in the last election in 2021.

On his Truth Social platform, Trump wrote that "the Populist Party in Germany just had a really big night," adding that "they finally got tired of the absolutely horrible immigration rules and regulations which have hurt Germany so badly." Xinhua

# Plan underway to cultivate more than 9,000 acres of butter beam in Pwintbyu Township



A butter beam plantation in Pwintbyu Township.

**Pwintbyu September 9**

Pwintbyu Township Agriculture Department stated that local farmers will plant 9,500 acres of butter bean as cold season crops in Pwintbyu Township, Magway Region, this year.

In Pwintbyu Township, 9,580 acres of butter beans are targeted for cultivation during this year's winter crop season, with planting scheduled to begin this October. To meet the targeted acreage and achieve target yields, collaborative efforts will be made with farmers to acquire high-quality, pure seeds and share agricultural techniques.

"We have targeted 9,580 acres of butter bean cultivation in Pwintbyu Township for this year's winter crop season, and we will work to ensure this targeted acreage is fully planted. We will conduct field inspections and supervise farmers to expand their cultivated acres, select high-yielding seed varieties, properly use fertilizers and agricultural inputs, systematically manage irrigation water, and cultivate using GAP (Good Agricultural Practices) methods," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's winter crop season, the Township Department of Agriculture will provide agricultural technical support to farmers growing various pulses, including butter beans, in Pwintbyu Township. This support will focus on improving crop yields, expanding the cultivation of high-yielding varieties suited to the region, and keeping crops free from pests and diseases.

Daw Moe Moe Wai further explained that successfully cultivating butter beans for improved yields will not only ensure local food sufficiency but also allow farmers to sell the surplus for income, thereby elevating their socio-economic livelihoods. Therefore, efforts should be made to expand butter bean cultivation regardless of the region.

Ye Win Naing (NyaungU)

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 2,300 acres of winter chili slated for cultivation in Sagaing District

**Sagaing September 9**

Over 2,000 acres of chili are projected to be cultivated across Sagaing District, Sagaing Region, during the upcoming 2026–2027 winter cropping season, according to data released by the Sagaing District Agriculture Department.

The target acreage across the district includes 1,152 acres in Sagaing township, 454 acres in Myinmu township, and 776 acres in Myaung township, bringing the total district target to 2,382 acres.

"We have set a target to cultivate over 2,000 acres of chili this winter season in Sagaing District. We are working to achieve this target, and current cultivation conditions look promising. We will also assist local farmers in expanding toward commercial-scale production," said Daw Myat Moe Win, head of the Sagaing District Agriculture Department.

To ensure high crop yields and market access for growers, district and township agricultural staff will provide educational support covering systematic farming practices, pest management, and soil nutrition improvement.

Production costs from planting to harvest range from approximately K1.5 million per acre for landowners to around K2.5 million per acre for tenant farmers renting land. Chili pods can be harvested every 15 days over an active harvesting span of up to six months. Initial yields start at around 100 viss per acre, subsequently increasing to between 400 and 500 viss per acre in subsequent pickings.

206

# Over 2,000 acres of winter sesame slated for cultivation in Banmauk Township

**Banmauk September 9**

Over 2,000 acres of winter sesame are projected to be cultivated in Banmauk Township, Katha District, Sagaing Region, during the upcoming winter cropping season, according to data from the Katha District Agriculture Department.

For the 2026–2027 winter crop season, the township has targeted 2,027 acres of winter sesame, with sowing scheduled to run from October through December.

"We have set a target to plant over 2,000 acres of winter sesame in Banmauk Township in the coming winter season and are taking steps to meet this goal. Sesame cultivation has been growing year on year. Local farmers primarily grow sesame as a winter crop rather than during the monsoon, and it remains a successful, high-performing oilseed crop here," said Daw Khin Myat Myat Oo, head of the Katha District Agriculture Department.

The Township Agriculture Department plans to conduct awareness sessions for local growers, focusing on acreage expansion, systematic farming practices, Good Agricultural Practices (GAP), and the selection of quality, high-yield seeds.

Crops cultivated under GAP standards offer superior quality and command higher prices compared to conventionally grown produce. In addition to serving domestic demand, GAP-certified crops open doors to export markets, thereby maximizing income for growers and bolstering local socioeconomic conditions.

206

# Pwintbyu Township to grow more than 2,000 acres of kitchen crops

**Pwintbyu September 9**

According to the township Agriculture Department, local authorities earmarked cultivation of 2,458 acres of kitchen crops in Pwintbyu Township, Magway Region, this year.

In Pwintbyu Township, there is a target to plant 2,458 acres of assorted kitchen crops during this year's winter crop planting season. It is reported that the cultivation of these kitchen crops will begin in October of this year.

"We have targeted 2,458 acres for planting various kitchen crops in Pwintbyu Township this winter season, with cultivation starting around October. We will carry out necessary measures to ensure we meet this targeted acreage. To ensure the successful cultivation of these crops, as well as the health safety and high quality of the harvest, we will supervise and provide agricultural technology and education to farmers. This will enable them to farm in accordance with GAP (Good Agricultural Practices) methods and to produce and utilize natural fertilizers and natural pesticides," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's winter crop season in Pwintbyu Township, the Township Department of Agriculture will collaborate with kitchen crop farmers to provide educational awareness. This will focus on expanding planted acreage according to crop type, acquiring high-yielding seeds, cultivating in accordance with Good Agricultural Practices (GAP), and ensuring crops remain free from pests and diseases.

Daw Moe Moe Wai also stated that if kitchen crops are cultivated safely with improved yields, it will not only ensure local food sufficiency but also allow farmers to sell the surplus. This generation of income will help develop and improve their socio-economic livelihoods, which is why concerted efforts should be made to expand the cultivation of kitchen crops.

Ye Win Naing (NyaungU)

# တရုတ်နိုင်ငံ Shengying Technology ကုမ္ပဏီက H-07 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ အမြောက်အမြားထုတ်လုပ်နေ



တရုတ်နိုင်ငံ Shengying Technology ကုမ္ပဏီသည် H-07 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို အမြောက်အမြားထုတ်လုပ်နေကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

H-07 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ဉာဏ်ရည်တုနည်းပညာဖြင့် ထိန်းချုပ်နိုင်သည့် မြန်နှုန်းမြင့်ဒရုန်းဖြစ်ပြီး ရန်သူ့ဒရုန်းများကို တိုက်ခိုက်မည့် နောက်ဆုံးအဆင့်တွင် ကြားဖြတ်ဖျက်ဆီးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း တိုက်ခိုက်ရေးဒရုန်းများကို အရေအတွက်များပြားစွာ အသုံးပြုလာခြင်းကြောင့် ဒရုန်းကို ဒရုန်းဖြင့် ပြန်လည်ကြားဖြတ်တိုက်ခိုက်သည့်နည်းလမ်းသည် လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်တွင် ပိုမိုအရေးပါလာသည်။ အထူးသဖြင့် တန်ဖိုးမြင့်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များဖြင့် တန်ဖိုးနည်းတိုက်ခိုက်ရေးဒရုန်းများကို တိုက်ဖျက်ရာတွင် အသုံးပြုရခြင်းကြောင့် ကုန်ကျစရိတ်မမျှတမှုကိုလျှော့ချနိုင်ရန် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်များ တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ Shengying Technology ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ H-07 သည် ပုံမှန် FPV ဒရုန်းများတွင် အသုံးများသည့် ငါးလက်မအရွယ် ကိုယ်ထည်ထက် ပိုမိုကြီးမားသည့် ခုနစ်လက်မအရွယ် ကိုယ်ထည်ကို အသုံးပြုထားမှုကြောင့် H-07 ဒရုန်းသည် အမြင့်ဆုံး တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ ထိ ပျံသန်းနိုင်ပြီး ပုံမှန်ပျံသန်းနှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ၂၀၀ ထိရှိကြောင်း သိရသည်။

H-07 ဒရုန်း၏ ပျံသန်းနိုင်သည့် အကွာအဝေးမှာ ၁၅ ကီလိုမီတာထိရှိပြီး ဘက်ထရီ အားတစ်ကြိမ် သွင်းထားပါက ၁၀ မိနစ်ထိ ပျံသန်းနိုင်ကြောင်း သိရသည်။ ထို့ပြင် မြေပြင်အထက် မီတာ ၅၀ မှ ၂၀၀၀ အတွင်း ပျံသန်းအသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသည်။

H-07 ဒရုန်းတွင် အခြားဒရုန်းများကို ရှာဖွေ၊ ခြေရာခံ၊ ကြားဖြတ်တိုက်ခိုက်နိုင်သည့် ဉာဏ်ရည်တုစနစ် ထည့်သွင်းထားသည်။

ကုမ္ပဏီ၏အဆိုအရ H-07 ဒရုန်းသည် မြေပြင်မှ ပစ်လွှတ်အသုံးပြုသည့်အခါ မီတာ ၃၀၀ အကွာအဝေးမှ ပစ်မှတ်ကို ချိတ်ဆက်ခြေရာခံနိုင်ပြီး အခြားဒရုန်းတစ်စင်းနှင့် လေထဲတွင် ကြားဖြတ်တိုက်ခိုက်ရာ၌ မီတာ ၂၀၀ အကွာအဝေးမှ ပစ်မှတ်ကို တိုက်ခိုက်နိုင်သည်။ ဒရုန်းကို မြေပြင်မှ တိုက်ရိုက်ပစ်လွှတ်နိုင်သကဲ့သို့ သီးခြား Launcher ဖြင့်လည်း ပစ်လွှတ်အသုံးပြုနိုင်ပြီး Payload အလေးချိန် အများဆုံး ၃၀၀ ဂရမ်ထိ တင်ဆောင်နိုင်သည်။

H-07 ဒရုန်းတွင် တပ်ဆင်ထားသည့် ဘက်ထရီကို ကိုယ်ထည်အတွင်း တစ်ပါတည်းထည့်သွင်းထားပြီး ပျံသန်းပြီးနောက် ဘက်ထရီကို ဖြုတ်လဲရန်မလိုဘဲ တိုက်ရိုက်အားသွင်းနိုင်သည့် စနစ်ကို အသုံးပြုထားသည်။ ထို့ပြင် မြန်နှုန်းမြင့်ပျံသန်းစဉ်အတွင်း အပူချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်ရန် လေဝင်လေထွက်ပေါက်များနှင့် ဗီဒီယိုထုတ်လွှင့်စက်တို့အတွက် သီးခြားအအေးပေးစနစ်များ ထည့်သွင်းထားကြောင်း သိရသည်။

Shengying Technology ကုမ္ပဏီက H-07 ဒရုန်း၏ ကိုယ်ထည်ထုတ်လုပ်ရေးနှင့် အမြောက်အမြားထုတ်လုပ်ရန် လိုအပ်သည့်စက်ကိရိယာများ ပြီးစီးနေပြီဖြစ်သဖြင့် အကြီးစားထုတ်လုပ်မှုအတွက် အသင့်ဖြစ်နေပြီဟု ထုတ်ပြန်ထားသော်လည်း နည်းပညာဆိုင်ရာသတ်မှတ်ချက်များ၊ စမ်းသပ်မှုများနှင့် လက်တွေ့အသုံးပြုနေမှုတို့ကို သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပေ။

H-07 ကဲ့သို့ ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးစနစ်များ ပေါ်ပေါက်လာခြင်းသည် တန်ဖိုးနည်း တိုက်ခိုက်ရေးဒရုန်းများကို တန်ဖိုးမြင့် ကြားဖြတ်ဒုံးကျည်များဖြင့် တိုက်ဖျက်ရသည့် သမားရိုးကျလေကြောင်းရန် ကာကွယ်ရေးပုံစံအပေါ် အခြားရွေးချယ်စရာတစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Chinese firm claims mass production of new interceptor drone ကို ဘာသာပြန်ဆိုထားပါသည်။**

# အိန္ဒိယရေတပ်က ရေငုပ်သင်္ဘောများကို အဝေးမှတိုက်ဖျက်နိုင်ရန် Flying Torpedo စနစ်ကို တီထွင်ရန်လေ့လာနေ

အိန္ဒိယရေတပ်သည် ရေငုပ်သင်္ဘောများကို အဝေးမှ တိုက်ခိုက်နိုင်ရန်အတွက် လေထဲတွင် အကွာအဝေးတစ်ခုထိ ပျံသန်းသွားပြီးနောက် ရေထဲသို့ ဝင်ရောက်ကာ ပစ်မှတ်ကို ရှာဖွေတိုက်ခိုက်နိုင်မည့် Flying Torpedo စနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ရန် လေ့လာနေကြောင်း Next Gen Defense သတင်းဌာနက စက်တင်ဘာလ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေ့လာမှုတွင် ပုံမှန်တော်ပီဒိုတစ်စင်းကို အဝေးသို့သယ်ဆောင်ပေးနိုင်သည့် အကွာအဝေးတိုးမြှင့်ရေးကိရိယာနှင့် ပေါင်းစပ်အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါစနစ်သည် လေယာဉ်မှ ပစ်လွှတ်နိုင်သည့် ရေ့ကက်တွန်းအားပေး တော်ပီဒိုအမျိုးအစားဖြစ်ပြီး မောင်းသူပါသည့်တိုက်လေယာဉ်များသာမက မောင်းသူမဲ့လေယာဉ်များလည်း သယ်ဆောင်ပစ်လွှတ်နိုင်ရန် ရည်ရွယ်ထားသည်။

Flying Torpedo စနစ်၏ အဓိကထူးခြားချက်မှာ လေယာဉ်မှပစ်လွှတ်ပြီးနောက် တာဘိုဂျက်အင်ဂျင်ပါဝင်သည့် အကွာအဝေးတိုးမြှင့်ရေးကိရိယာက လေထဲတွင် ဆက်လက်သယ်ဆောင်ပေးခြင်းဖြစ်သည်။ သတ်မှတ်ထားသည့် ပစ်မှတ်ဧရိယာအနီးသို့ရောက်ရှိလာပါက အဆိုပါကိရိယာနှင့်တော်ပီဒိုသည် ခွဲထွက်ပြီး တော်ပီဒိုက ရေထဲသို့ဝင်ရောက်ကာ ရေငုပ်သင်္ဘောကဲ့သို့သော ရေအောက်ပစ်မှတ်များကို ရှာဖွေတိုက်ခိုက်မည်ဖြစ်သည်။

အဆိုပါတာဘိုဂျက်အင်ဂျင်သုံး သယ်ဆောင်ရေးကိရိယာသည် တော်ပီဒိုကို ကီလိုမီတာ ၁၅၀ မှ ၂၅၀ ထိ လေထဲတွင် သယ်ဆောင်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ထို့ကြောင့် တော်ပီဒိုကို လေယာဉ်မှ တိုက်ရိုက်ရေထဲသို့ချမည့် ပုံမှန်နည်းလမ်းထက် ပိုမိုဝေးကွာသည့် အကွာအဝေးမှ ရေအောက်ပစ်မှတ်များကို တိုက်ခိုက်နိုင်မည့်အလားအလာရှိလာမည်ဖြစ်သည်။

ပုံမှန်လေကြောင်းမှ အသုံးပြုသည့် တော်ပီဒိုများတွင် ရေငုပ်သင်္ဘော၏ ခန့်မှန်းတည်နေရာနှင့် အတော်အတန်နီးကပ်သည်ထိ တိုက်လေယာဉ် သို့မဟုတ် ရေကြောင်းကင်းလှည့် လေယာဉ်များ ချဉ်းကပ်ရနိုင်သဖြင့် လေယာဉ်များကို ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ပိုမိုနီးကပ်စွာ ထိတွေ့စေနိုင်သည်။ Flying Torpedo အယူအဆက ၎င်းအားနည်းချက်ကို လျှော့ချပြီး လေယာဉ်များ၏ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး တိုက်ပွဲဝင်အကွာအဝေးကို တိုးမြှင့်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ်သည် လက်ရှိတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးတာဝန်များအတွက် Boeing P-8I Poseidon ရေကြောင်းကင်းလှည့်လေယာဉ်များကို အသုံးပြုလျက်ရှိသည်။ ထို့ပြင် အဆိုပါ




အယူအဆသည် အိန္ဒိယ၏ SMART စူပါဆောနစ်ဒုံးကျည်ဖြင့်ပစ်လွှတ်သော တော်ပီဒိုစနစ်နှင့်လည်း အယူအဆပိုင်းဆိုင်ရာ ဆက်စပ်မှုရှိပြီး SMART တွင် မြန်နှုန်းမြင့်ဒုံးကျည်တစ်စင်းကိုအသုံးပြု၍ ပေါ့ပါးသည့်တော်ပီဒိုကို အဝေးသို့ သယ်ဆောင်ပေးသည့်နည်းလမ်းကို အသုံးပြုထားကြောင်း သိရသည်။

အိန္ဒိယအနေဖြင့် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း တရုတ်ရေတပ်၏ ရေငုပ်သင်္ဘောလှုပ်ရှားမှုများတိုးမြင့်လာခြင်းနှင့် ရေကြောင်းကင်းလှည့် လေယာဉ်များအတွက် ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးခြိမ်းခြောက်မှုများ ရှိလာခြင်းတို့ကြောင့် အဝေးမှ ရေငုပ်သင်္ဘောတိုက်ဖျက်နိုင်စွမ်းကို ပိုမိုအလေးထားလာခြင်းဖြစ်သည်ဟု သုံးသပ်နိုင်သည်။

အိန္ဒိယရေတပ်၏ Flying Torpedo တီထွင်ရန်လေ့လာနေမှုသည် တော်ပီဒို၏ ရေအောက်တိုက်ခိုက်နိုင်စွမ်းနှင့် လေကြောင်းပစ်လွှတ်စနစ်၏ အဝေးရောက်နိုင်စွမ်းကို ပေါင်းစပ်ရန်ကြိုးပမ်းခြင်းဖြစ်သည်။ အဆိုပါနည်းပညာ အကောင်အထည်ပေါ်လာပါက ရေငုပ်သင်္ဘောတိုက်ဖျက်ရေး လေယာဉ်များအနေဖြင့် ရန်သူ့ပစ်မှတ်အနီးသို့ တိုက်ရိုက်ချဉ်းကပ်ရန်မလိုဘဲ ပိုမိုဝေးကွာသည့်နေရာမှ တော်ပီဒိုကို ဖြန့်ကြက်ချထားနိုင်မည်ဖြစ်သဖြင့် အိန္ဒိယသမုဒ္ဒရာဒေသ၏ ရေအောက်စစ်ဆင်ရေးပုံစံတွင် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**NextGen Defense — Indian Navy Explores ‘Flying Torpedo’ With Glide Capability ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အင်ဒိုနီးရှား တောမီးထိန်းချုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက လေကြောင်းအကူအညီပေးသွားရန် ရဟတ်ယာဉ်များစေလွှတ်ပေး



ဂျကာတာ စက်တင်ဘာ ၉

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးထိန်းချုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ လေကြောင်းအကူအညီပေးသွားရန် ရဟတ်ယာဉ်များ စေလွှတ်ပေးထားကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သယ်ယူပို့ဆောင်ရေးအတွက် ရဟတ်ယာဉ်သုံးစင်း စေလွှတ်ပေးထားပြီး ကျွမ်းကျင်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၈၀ ကိုလည်း စေလွှတ်ပေးထားကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အင်ဒိုနီးရှား တောမီးဟာ ကာလရှည်ကြာနေပြီဖြစ်ပါတယ်။ မြေအနေအထားနဲ့ မိုးလေဝသ အခြေအနေအရ တောမီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေတယ်လို့ သိရတယ်။ တောမီးလောင်ကျွမ်းမှုဟာ ဒီထက်ကာလရှည်ကြာသွားရင် ပိုပြီးတော့ အန္တရာယ်ရှိလာနိုင်တယ်။ ဂျပန်နိုင်ငံအနေနဲ့ အင်ဒိုနီးရှားတောမီးကို ကူညီငြိမ်းသတ်ပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အင်ဒိုနီးရှားအစိုးရက လက်ခံတဲ့အတွက် ရဟတ်ယာဉ်သုံးစင်းကို သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ကူညီပေးဖို့ စေလွှတ်ထားသလို ကျွမ်းကျင်တဲ့ မီးသတ်တပ်ဖွဲ့ဝင်အယောက် ၁၈၀ ကိုလဲ စေလွှတ်ပေးထားပါတယ်" ဟု ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်ဒိုနီးရှား တောမီးလောင်ကျွမ်းမှုကြောင့် ဆူမားတြားကျွန်းနှင့် ဘိုနီယိုနယ်မြေတို့တွင် သစ်တောမြေဟက်တာ ၇၆၉၃၃ ထိ ပျက်စီးခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂျပန်နိုင်ငံတွင် မိုးရွာသွန်းမှုဖြစ်ပွားသဖြင့် ရေကြီးရေလျှံမှုသတိပေးချက် ထုတ်ပြန်ထား

တိုကျို စက်တင်ဘာ ၉

ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားသဖြင့် ဂျပန်မိုးလေဝသအေဂျင်စီ (JMA)က ရေကြီးရေလျှံမှု သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်မိုးလေဝသ အေဂျင်စီ (JMA)က ဂီဖုနှင့် အိုင်ချီစီရင်စုများကြား ဖြတ်သန်းစီးဆင်းသော မြစ်အတွက် အဆင့် (၅) ရေကြီးရေလျှံမှု သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိုင်ချီစီရင်စုရှိ နာဂိုယာမြို့တွင် မိုးရေချိန် ၁၀၄ ဒသမ ၅ မီလီမီတာထိ ရွာသွန်းခဲ့ကြောင်း၊ ထို့ပြင် နာဂိုယာမြို့တွင်းလမ်းများနှင့် မြေအောက်နေရာတချို့ ရေလွှမ်းခဲ့ပြီး ဒေသခံ ဦးရေ ၁၆၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ထို့ပြင် နာဂိုယာမြို့တွင် ပြေးဆွဲနေသော မြေအောက်ရထား ဝန်ဆောင်မှုတချို့ကိုလည်း ခေတ္တရပ်ဆိုင်းထားရခဲ့ကြောင်း သိရသည်။

မိုးလေဝသ ကျွမ်းကျင်သူများက လာမည့်ရက်အနည်းငယ်အတွင်း ဂျပန်နိုင်ငံ၏ နေရာအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သတိပေးထားပြီး မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ၊ မြစ်ရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်သဖြင့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ သတိပေးချက်များကိုအလေးထား လိုက်နာကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းရှီးပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေ

ပေကျင်း စက်တင်ဘာ ၉

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းရှီးပြည်နယ်တွင် စက်တင်ဘာ ၈ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါမြေပြိုမှုသည် စက်တင်ဘာ ၅ ရက်က ကျန်းရှီးပြည်နယ် ဆွေချွမ်ကောင်တီရှိ မင်ကန်ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားမှု၏ နောက်ဆက်တွဲ မြေပြိုမှုဖြစ်ကြောင်း သိရသည်။

မြေပြိုမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများကို ရှာဖွေရန်နှင့် မြေပြိုမှုအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရန် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် သေဆုံးသူ ၁၂ ဦးကို အတည်ပြုထားပြီး ပျောက်ဆုံးနေသူ တစ်ဦးကိုလည်း ဆက်လက် ရှာဖွေနေကြောင်း၊



ကယ်ဆယ်ရေးလုပ်ငန်းများအတွင်း မြေပြိုကျနိုင်သည့် အန္တရာယ်များ ရှိနေသဖြင့် ကယ်ဆယ်ရေးသမားများက လုံခြုံရေးကို အထူးဂရုပြု၍ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ထို့ပြင် မြေပြိုမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် နောက်ထပ် မြေပြိုကျနိုင်ခြေများကို သက်ဆိုင်ရာအဖွဲ့များက စစ်ဆေးအကဲဖြတ်နေပြီး ဒေသခံများ၏ လုံခြုံရေးအတွက် လိုအပ်သည့် အရေးပေါ်ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အီတလီနိုင်ငံတွင် ၂၀၂၆ ခုနှစ် နွေရာသီက အပူချိန်အမြင့်ဆုံး နွေရာသီအဖြစ်မှတ်တမ်းဝင်

ရောမ စက်တင်ဘာ ၉

အီတလီနိုင်ငံတွင် ၂၀၂၆ ခုနှစ် နွေရာသီက အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး ပျမ်းမျှအပူချိန် ပမာဏမှာ ၂၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ ဖြစ်ပေါ်ခဲ့ရာ အပူချိန်အမြင့်ဆုံး နွေရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အီတလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် နွေရာသီအတွင်း ဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန် ပမာဏမှာ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အမြင့်မားဆုံးသော ပျမ်းမျှအပူချိန် ပမာဏတစ်ရပ်ဖြစ်ကြောင်း၊ အီတလီနိုင်ငံတွင် ၂၀၂၄ ခုနှစ်နွေရာသီက အမြင့်ဆုံးပျမ်းမျှအပူချိန်အဖြစ် မှတ်တမ်းဝင်ထားပြီး ပျမ်းမျှအပူချိန်ပမာဏမှာ ၂၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း၊ အမြင့်ဆုံး အပူချိန် ပမာဏအဖြစ် မှတ်တမ်းဝင်ထားမှုကို ကျော်ဖြတ်သွားခဲ့ပြီး အပူချိန်မြင့်တက်ခဲ့ခြင်းမှာ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ကြောင်း အီတလီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"၂၀၂၆ ခုနှစ် နွေရာသီမှာ အပူလှိုင်းတွေ ဖြတ်သန်းခဲ့ပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နွေရာသီအတွင်း ပျမ်းမျှအပူချိန်ပမာဏဟာ ၂၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ပျမ်းမျှအပူချိန်ပမာဏအမြင့်ဆုံး နွေရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ်မတိုင်ခင် ပျမ်းမျှအပူချိန်အမြင့်ဆုံး ကာလကတော့ ၂၀၂၄ ခုနှစ် နွေရာသီဖြစ်ပါတယ်။ အဲဒီကာလမှာ ပျမ်းမျှအပူချိန်ဟာ ၂၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်။ အခုလို အပူချိန်ပမာဏတွေ မြင့်တက်လာခဲ့တာဟာ အယ်နီညိုရာသီဥတုရဲ့ ရိုက်ခတ်မှုကြောင့်ဖြစ်ပါတယ်။ လာမဲ့နှစ်မှာလဲ အပူချိန်တွေ မြင့်တက်လာနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပိုပြီးတော့ အရှိန်မြှင့်တင်သွားသင့်ပါတယ်" ဟု အီတလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ၌ ၂၀၂၇ ခုနှစ် မိုးကာလတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ထားရန် ထုတ်ပြန်

အစ္စလာမ်မာဘတ် စက်တင်ဘာ ၉

ပါကစ္စတန်နိုင်ငံတွင် မိုးကာလရောက်တိုင်း ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်သောကြောင့် ၂၀၂၇ ခုနှစ် မိုးကာလတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ထားရန် ပါကစ္စတန်ဝန်ကြီးချုပ်က သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကို ညွှန်ကြားမှုပြုလုပ်ခဲ့ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၇ ခုနှစ် ရေဘေးအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်အတွက် ပါကစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်း (PDMAs) ကို ဦးဆောင်သွားရန် ပါကစ္စတန်ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

"၂၀၂၆ ခုနှစ် မိုးကာလအတွင်း မိုးရေချိန်မြင့်မားပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ၂၀၂၇ ခုနှစ်မှာတော့ ဒီလို မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေမဖြစ်စေဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားဖို့လိုအပ်ပါတယ်။ ၂၀၂၇ ခုနှစ် ဇွန်လမှ မိုးကာလ စတင်မှာဖြစ်ပေမဲ့ ကောင်းမွန်လုံခြုံတဲ့ အတားအဆီးတွေဖြစ်စေဖို့အတွက် အခုကတည်းက စပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားဖို့အတွက် ပါကစ္စတန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်း (PDMAs) က ဦးဆောင်ဖို့လဲလိုပါတယ်"ဟု ပါကစ္စတန်ဝန်ကြီးချုပ် ရှီဘက်ဇ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ကျား၊မရေးရာ အကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရေး၊ အကြမ်းဖက်ခံရသူများအတွက် လိုအပ်သောဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကာကွယ်မြှင့်တင်ပေးနိုင်ရေးတို့အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများကိုဖွင့်လှစ်ပို့ချပေးမည့် ကျား၊မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Hotel Amara ၌ ကျင်းပသည်။




အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊လက်ထောက်အတွင်းဝန်၊ အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီးတစ်ဦးချင်းအပေါ်သာမက ၎င်းတို့နှင့် ဆက်စပ်နေသော လူ့အသိုင်းဝိုင်းများနှင့် လူ့အဖွဲ့အစည်းအတွက် ပြင်းထန်သော ထိခိုက်မှုများဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျား၊မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များကို ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျကိုင်တွယ်ဆောင်ရွက်နေပါကြောင်း၊ ကျား၊မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်တစ်ခုကို ဖြေရှင်းရာတွင် ရဲတပ်ဖွဲ့အခန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးရာကဏ္ဍ၊ အမျိုးသမီးရေးရာကဏ္ဍစသည့် ကဏ္ဍများရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း ဥပဒေရေးရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူများအတွက်ဆောင်ရွက်ပေးမှုများ၊ ကျား၊မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်နှင့် ပတ်သက်၍ အခြေခံသဘောတရားများ၊ ကျား၊မရေးရာအခြေပြုအကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုပေးသူတစ်ဦးအနေဖြင့် လိုက်နာရမည့်အခြေခံမူများ၊ လုပ်ငန်းစဉ်များကို ပိုမိုနားလည် သဘောပေါက်လာကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ငါးခုနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား၊သင်တန်းသူဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry– CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ CoI ကော်မရှင်၏ တိုက်တွန်းချက်များအပေါ် အလုပ်သမားရေးရာ ဥပဒေများပါရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များရရှိစေရေးဆောင်ရွက်ပေးနေမှုများ၊ အလုပ်သမားအဖွဲ့အစည်းများ၏ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမှုများ၊အမျိုးသားအဆင့် အငြင်းပွားမှု ဆိုင်ရာတိုင်ကြားမှု ယန္တရား(National Complaint Mechanism–NCM)ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ILOနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ILO ၏ ၃၅၈ ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့(Governing Body)အစည်းအဝေးသို့တင်သွင်းမည့် မြန်မာနိုင်ငံဆိုင်ရာဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာတွင် ထည့်သွင်းပြုစုနိုင်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ILO ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်(CoI) အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO အဖွဲ့ဝင်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ်လျစ်လျူရှု၍ မမှန်သတင်းများဖြင့် တစ်ဖက်သတ်စွပ်စွဲကာ မြန်မာနိုင်ငံအပေါ် လျှို့ဝှက်စောင့်ကြည့်ရေးယန္တရားတည်ထောင်ခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေးများကျင်းပကာ ဖိအားပေးသည့်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် ၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင် ILO ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအပေါ် အာတီကယ် (33)အရ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ILO နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် အပြုသဘောဆောင် ဖြစ်ပေါ်လာမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် ILO အဖွဲ့ဝင်နိုင်ငံအဖြစ် အစည်းအဝေးများ ပြန်လည်တက်ရောက်ခွင့်ရရှိစေရေးအတွက် အာဆီယံနိုင်ငံများမှအပြည့်အဝ ပံ့ပိုးပေးရန်ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့မှ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ်၊ ဘရပ်ဆဲလ်မြို့မှ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရော့ရှုခင်းသာ(Ayeyarwady River View Point Pavilion) ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၉**

မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရော့ရှုခင်းသာ(Ayeyarwady River View Point Pavilion)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါရှုခင်းသာရှေ့၌ ကျင်းပသည်။

အဆိုပါမြစ်ရော့ရှုခင်းသာကို မကွေးမြို့ပြ အင်္ဂါရပ်နှင့်အညီ မြစ်ကမ်းနားမြေကွက်လပ်များကိုစနစ်ကျ၍ လှပ၊ သန့်ရှင်း၊ သာယာပြီး လုံခြုံဘေးကင်းသည့်နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများ၊ လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်းအချိန်တို့တွင် သဘာဝတရားနှင့် ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်နှင့် ဧရာဝတီမြစ်ကမ်းအလှကို အခြေခံ၍ ခရီးသွားများကိုဆွဲဆောင်နိုင်မည့် မြို့ပြ၏ အထင်ကရနေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားမှူးဦးကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြစ်ရော့ရှုခင်းသာ မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘင်ခရာ၊ ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မောင်ခိုင်မင်း(မြန်/ဆက်)**




# ၂၃ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(23rd AACC)ကို Video Teleconference(VTC)ဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၃ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(23rd AACC)ကိုVideo Teleconference(VTC)ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ဘရူနိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Haji Haszahaidi Bin Haji Ahmad Daud၊ ကမ္ဘောဒီးယားနိုင်ငံလေတပ်စစ်ဦးစီးအရာရှိချုပ် Lieutenant General Kong Mony၊ အင်ဒိုနီးရှားနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono၊ လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Khamleuangthep၊ မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Arthur M Cordura၊ စင်ကာပူနိုင်ငံလေတပ်ဦးစီးချုပ် Major General Kelvin Fan Sui Siong၊ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha၊ တီမောလက်စတေနိုင်ငံ




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ၂၃ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(23rd AACC)သို့ Video Teleconference(VTC)ဖြင့် တက်ရောက်စဉ်။

လေတပ်ဦးစီးချုပ် Colonel Helder Da Costa၊ ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Lieutenant General Vu Hong Son နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Vice Commander ဖြစ်သူ Major General PABLO RUSTRIA JR က ၂၃ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးအဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍အစည်းအဝေးကိုဖွင့်လှစ်ပေးခဲ့ပြီး အာဆီယံလေတပ်များ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ဆိုင်ရာ video clip ကို ပြသသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Chief of Staff ဖြစ်သူ Major General Alvin M Hate က ၁၃ ကြိမ်မြောက် အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးရလဒ်များကို အစီရင်ခံတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံလေတပ်ဦးစီးချုပ်များက ၂၃ ကြိမ်မြောက် AACC ၏ ဦးတည်ချက်ဖြစ်သော “ဘက်ပေါင်းစုံအပြန်အလှန်ပူးပေါင်းချိတ်ဆက်မှုရှိသော အာဆီယံလေတပ်များဖြစ်ပေါ်လာစေရေး ဒေသတွင်းတည်ငြိမ်ရေးအတွက် တစ်စုတစ်စည်းတည်းဆောင်ရွက်စို့” ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် သဘာပတိက ၂၃ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းပြီး AACC အစည်းအဝေးဆုံးဖြတ်ချက်များနှင့် AACC Joint Statement ကို အာဆီယံလေတပ်ဦးစီးချုပ်များက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ၂၄ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးကို သဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris ကိုယ်စား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးထံသို့ AACC အထိမ်းအမှတ်ပစ္စည်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းနောက် မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် အာဆီယံလေတပ်ဦးစီးချုပ်များ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (ဒ၀၁)

# ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များ ဒုတိယနေ့အစည်းအဝေးကျင်းပ



**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel တွင် ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အစည်းအဝေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလူမှုဆက်ဆံရေး(Humanitarian Diplomacy) မြှင့်တင်ရေးနှင့် လူမှုကရုဏာအခန်းကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အား(Auxiliary Role) အပေါ် နားလည်မှုပိုမိုခိုင်မာစေရေးတို့အတွက် အရှေ့တောင်အာရှ အမျိုးသားအသင်းများအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ငါးကြိမ်မြောက် ကြက်ခြေနီနှင့် လခြမ်းနီလူငယ်ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များနှင့် လူငယ်များ၏အမြင်များကို အသင်းဦးဆောင်သူများများထံတင်ပြခြင်း၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများမှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မှု၊ အရှေ့တောင်အာရှဒေသအတွင်း ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအနေဖြင့် တစ်စုတစ်စည်းတည်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ICRC နှင့် IFRC ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်း အပါအဝင် Hanoi Call for Action အကောင်အထည်ဖော်မှုတိုးတက်ချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခြေအနေများနှင့် တိုးတက်မှုများ၊ IFRC ၏ ကောင်းမွန်သောအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင်အရှေ့တောင်အာရှအမျိုးသားအသင်းများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးလက်ခံကျင်းပသည့် အိမ်ရှင်နိုင်ငံများက ထုတ်ပြန်လေ့ရှိသည့် Statement များနည်းတူ Yangon Statement ကို ဆွေးနွေးအတည်ပြု၍ လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ကြပြီး လာမည့် ၂၄ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံမည့် ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းသို့ တာဝန်လွှဲပြောင်းပေးအပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ အရှေ့တောင်အာရှနိုင်ငံများမှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များ၊ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)နှင့်အခြားဖိတ်ကြားထားသည့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **ဝေန်မြစ်ရေကာတာမှ**

ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့်ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၁၄ ရက်တွင် ၇ ပေ ၉ လက်မထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၄ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၅ လက်မခန့်ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၁၀ လက်မခန့်သာကျန်ရှိသဖြင့် ၅ ပေ ၄ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၉ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေခန့်သာကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့်ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၇လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့်မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှနယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မြောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဒ၀၁)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## တွန်းဇံမြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးသွားသည့် နေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ပြုပြင်ဆောက်လုပ်လျက်ရှိ

**တီးတိန် စက်တင်ဘာ ၉**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ၌ တွန်းဇံမြို့တွင်း မီးလောင်ပျက်စီးသွားသည့် ပုဂ္ဂလိက နေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ပြုပြင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသည့် ပုဂ္ဂလိက နေအိမ်များ၏ မြေနေရာအခြေအနေ၊ ထိခိုက်ပျက်စီးသည့် နေအိမ်အဆောက်အအုံများအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောက်လုပ်ရန် တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လုပ်ငန်းရှင်များတင်ပြသည့် အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ပြန်လည်ပြုပြင်ဆောက်လုပ်နေသည့် လမ်းဦးစီးဌာန ဧည့်ရိပ်သာနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး အကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော တီးတိန်-တွန်းဇံသွားလမ်းပေါ်ရှိ ဖျဲလ်ကျင်းတံတား ပြန်လည်ပြုပြင် တည်ဆောက်ထားမှုအခြေအနေကို သွားရောက်စစ်ဆေး၍ တံတားကြံ့ခိုင်မှုနှင့် ခံနိုင်ဝန်အားတို့အတွက် ဖြတ်သန်းသွားလာသည့်ယာဉ်များနှင့် ကုန်ပစ္စည်းအလေးချိန်များ သတ်မှတ်ချက်ထက် မကျော်လွန်စေရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့်





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ဘယ်လို အကျိုးကျေးဇူးရှိနိုင်သလဲဆိုတော့ ကျွန်တော်တို့က အခုကလေးတွေ ဒီကိုရောက်လာခြင်းအားဖြင့် တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေ၊ တပ်မတော်အနေနဲ့ အတိတ်မှာ ဘာတွေလုပ်ခဲ့တယ်။ နိုင်ငံတော်ကို ဘယ်လိုကာကွယ်ခဲ့ရသလဲဆိုတဲ့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို သူတို့လေးတွေ သိခွင့်ရခဲ့တယ်။ ကလေးတွေအနေနဲ့ ဘာဖြစ်လာမလဲဆိုတော့ တပ်မတော်အပေါ် ချစ်မြတ်နိုးစိတ်တွေ ရှိလာနိုင်တယ်။ သူတို့ကိုယ်တိုင်ကလဲ ဒီပြတိုက်ထဲမှာရှိတဲ့ စစ်အင်ဂျင်နီယာရှိတယ်၊ စစ်သူနာပြုတွေရှိတယ်။ ရဲဘော်တွေရှိတယ် အမျိုးမျိုးရှိတယ်ပေါ့။ အဲ့ဒီတော့ သူတို့အနေနဲ့လဲ ဒီထဲမှာစိတ်ပါဝင်စားလာနိုင်တယ်။ တစ်ထောင့်တစ်နေရာကနေ ဒီထဲမှာ ပါဝင်လာနိုင်တယ်။ အခုလိုစီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကလေးတွေအနေနဲ့ ဒီကိုလာဖို့ဆိုတာ မလွယ်ပါဘူး။ အကြီးအကဲတွေက သယ်ယူပို့ဆောင်ရေး



ဆောင်ရွက်ပေးလို့သာ အဆင်ပြေတယ်လို့ မြင်မိပါတယ်"ဟု ပြောသည်။

"သမီးကတော့ တပ်မတော်ရေတပ်ကို စိတ်ဝင်စားပါတယ်ရှင့်။ တပ်မတော်ရေတပ်မှာက သင်္ဘောအကြီးကြီးတွေ အကြောင်းကို သင်ရတယ်။ ပြီးတော့ သင်္ဘောတွေရဲ့အမျိုးအစားတွေ ပြီးရင် တပ်မတော်သားတွေ ဘယ်လိုကာကွယ်ပေးခဲ့တယ်ဆိုတဲ့အကြောင်းတွေ သင်ရပါတယ်ရှင့်။ ဒီလိုမျိုးအကြောင်းအရာတွေကိုသိအောင်လို့ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလဲ



ကျေးဇူးတင်ပါတယ်။ သမီးတို့လဲ တီဗီမှာ ဒီလိုမျိုးတွေကြည့်ဖူးပါတယ်။ သမီးတို့အနေနဲ့က အခုလိုသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လာရောက်လေ့လာခွင့်ပေးတဲ့ လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

# ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ပွင့်ဆန်းနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးချစ်ဆွေတို့ ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ အထောက်အကူပြု ဝန်ထမ်းများပါဝင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံပါလီမန်၊ Parliamentary Research Information for Democracy အစီအစဉ် ဖြင့်ပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့် သင်တန်း "Capacity Development Programme" သို့ စက်တင်ဘာ ၁ ရက်မှ ၈ ရက်ထိ တက်ရောက်လေ့လာခဲ့ကြသည်။

စက်တင်ဘာ ၂ ရက်တွင် Parliament house ၌ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla နှင့် လည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Shri Pabitra margheri–ta နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများတွင် အိန္ဒိယနိုင်ငံ ပါလီမန်များ၏ အခန်းကဏ္ဍနှင့်ဥပဒေ ပြုရေး၊ ကော်မတီစနစ်နှင့်ဘဏ္ဍာရေး ဆိုင်ရာကော်မတီများ၊ မဲဆန္ဒနယ်မြေ အတွင်းစီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြု အပါအဝင် ပြည်နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ ပါလီမန်ကိုယ်စားလှယ်များ၏ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရား နှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေး ဆိုင်ရာတာဝန်ခံမှု၊ နိုင်ငံခြားရေးမူဝါဒ၊ ပါလီမန်အကြီးအမှူးများ၏ ခေါင်းဆောင် မှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ကြသည်။

ထို့ပြင် UNESCO ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်နေရာများ၊ ပရာဒန်မန်ထရီ ဆန်ဂရာဟာလရာပြတိုက်တို့ကို သွားရောက် လေ့လာခဲ့သည်။

ယခုတက်ရောက်ခဲ့သည့် စွမ်းရည်မြှင့် သင်တန်းကြောင့် လွှတ်တော်၏ကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်



လာမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင် ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အထောက် အကူပြုမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# ခရီးသည်တင် မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်





**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ် များနှင့် သတ်မှတ်ခွင့်ပြုထားသည့် ကုန်စည် ၁၄ မျိုးသာ တင်ဆောင်ရမည့် ကုန်တင်ယာဉ်ကြီးများသည် Telematics GPS စနစ်တပ်ဆင်ပြီးမှသာ လမ်းအသုံး ပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး ပေါ်တွင် Telematics စနစ် GPS စက်များတပ်ဆင်ပြီး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ထိ ခရီးသည် တင် မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင် ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် စီလမ်းဆုံ တိုးလ်ဂိတ်ရှိ Telematics Command & Control Center က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သွားလာလျက် ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်အရှိန်နှုန်း (ကီလို ၉၀) အတွင်း သာမောင်းနှင်စေရေး၊ ယာဉ်မရပ်ရသည့် နေရာများတွင် ရပ်တန့်မှုမရှိစေရေးတို့ အတွက် တယ်လီဖုန်းဖြင့် သတိပေးခြင်းကို ၂၄ နာရီဝန်ဆောင်မှုဖြင့် ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုကဲ့သို့ Telematics Command & Control Center ၏ လုပ်ငန်းဆောင်ရွက် မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးသည်။

ထို့မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော် လမ်းပိုင်း)ရှိ တိုးလ်ဂိတ်များရှိ CCTV အခန်းများ၊ ငွေကောက်ခံမှုစနစ်များ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ထားမှု၊ ကတ္တားပေါ်၌ မော်တော်ယာဉ်များ ချိန်တွယ်၍ ဖြတ်သန်းမောင်းနှင်သွားလာ နေမှုနှင့် တိုးလ်ဂိတ်အဆောက်အအုံများ ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုးလ်ဂိတ် အဆောက်အအုံများကို သတ်မှတ်အင်္ဂါရပ် များနှင့်အညီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များ သတ်မှတ်တန်ချိန် ကျော်လွန်မှုမရှိစေရေး ကြီးကြပ်ဆောင် ရွက်သွားရန်၊ တိုးလ်ဂိတ်ရှိ TFI Display Board များ၊ Barrier မောင်းတံများ၊ ကတ္တားများ၊ CCTV Camera များ၊ Com–puter နှင့် ဆက်စပ်ပစ္စည်းများ အမြဲတမ်း ကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ပစ္စည်းများ ပျက်စီးမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြ သွားရန်၊ လမ်းအသုံးပြုခကောက်ခံရရှိမှု စာရင်းဇယားများ စနစ်တကျမှန်ကန်မှု ရှိစေရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်း၊ တံတားပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာတို့၌ သစ်ပင်စိုက်ပျိုးနေမှုနှင့် ဆွာချောင်း တံတား(အသွားလမ်း) တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၀၇၅၅ ဧကရှိသောနယ်မြေကို **"ခိုလမ်ကြိုးပြင်ကာကွယ်တော"**အဖြစ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်၊ သစ်တောထွက်ပစ္စည်းများစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက် ရှိပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းလာနိုင် ခြင်းဖြင့် သစ်တောနယ်မြေများတိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ ထင်းရှူး၊ သစ်ယား၊ ထောက်ကြံ့၊ ယမနေ၊ သစ်မန်ကျည်း၊ သစ်နီ၊ ရင်းစပ်၊ သစ်စေး၊ ဆီးဖြူ၊ ကြို့၊ ရင်းတိုက်၊ လက်ပံနှင့် မြင်ဝါးတောများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ချေ၊ တောကြောင်၊ ကြက်တူရွေး၊ ဖျိုင်းငှက်များ၏ နေရင်းဒေသများ ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



**✱ ဆောင်းသီးနှံစိုက်ပျိုးရာသီမှ**

စတင်စိုက်ပျိုးသွားမှာပါ။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်''ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဂျုတ်စိုက်ပျိုးမည့် တောင်သူများ အနေဖြင့် ဂျုတ်သီးနှံများအထွက်နှုန်း ကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်း စေရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုး နိုင်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုတ်ကို အထွက်နှုန်းနှင့်အရည် အသွေးတိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေ မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ဂျုတ် ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကျင်းပ



**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများ မရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့်ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ လယ်ယာမြေနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အလေးထားကာ ဆောင်ရွက်သွားရေး၊ ခွင့်ပြုထားသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းရှိ၊ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးက လယ်ယာမြေဥပဒေ ပုဒ်မ-၃၀(က၊ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားတင်ပြလာသည့် အမှုတွဲများအား ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# News and News Article Writing သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ Indian Technical and Economic Cooperation (ITEC) တို့ပူးပေါင်းဖွင့်လှစ်သည့် News and News Article Writing သင်တန်းမှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ဦးရေ ၃၀ တို့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်- တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လေ့လာကြသည်။



ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက MRTV Theme Song ဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး **"နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ"** Video Clip ကို ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောမြင့်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Studio ကို ကြည့်ရှုလေ့လာကာ သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Radio Recording Studio၊ News Studio 2 နှင့် Audio Mastering Studio တို့တွင် အသံသွင်းမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ သင်တန်းသားသင်တန်းသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ကြပြီး ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာ အဖြေလွှာများတွင် ပြည့်စုံစွာဖြေဆိုနိုင်သည့် သင်တန်းသား၊ သင်တန်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၉-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၂၃၈,၂၁၆.၀၀ | ၁၂,၅၇၇,၇၃၀.၇၅ | ၈၇,၇၉၈,၀၈၇.၂၁ | - |

## သံအမတ်ကြီး ဦးမင်းသိမ်း ကူဝိတ်နိုင်ငံ အကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၉**

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို စက်တင်ဘာ ၈ ရက်တွင် ကူဝိတ်မြို့ရှိ ဘယန်နန်းတော်၌ ကူဝိတ်နိုင်ငံဘုရင် ရှိတ်မီရှာ အယ်လ်-အာမက် အယ်လ်-ဂျာဘား အယ်လ်-ဆာဘားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် နေ့အပူချိန်များ

(၉- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပုတာအို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့်အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့သက်ဆိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံကိန်းလုပ်ငန်းများထပ်ခြင်းမရှိစေရေးစိစစ်ရန်၊ စီမံကိန်းလုပ်ငန်းများလျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်သောငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝစေရေး ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းဆပ်ကော်မတီ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်ဦးစီးဌာနများ အချင်းချင်း အပြန်အလှန်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားကြရန် လမ်း၊ တံတားနှင့် အဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဌာနအလိုက်၊ ဒေသအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လိုသည့် လျာထားစီမံကိန်း လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ လုပ်ငန်းဆပ်ကော်မတီဝင်များ ဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် လမ်း၊ တံတားနှင့်အဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများက Zoom Application Online System ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**အသိပေးကြေညာချက်ထုတ်ပြန်မှု**

၃။ မော်တော်ယာဉ်များကို "စုံ" ရက်၊ "မ" ရက် ခွဲခြားမောင်းနှင်မှုအစား ပုံမှန်အတိုင်းပြန်လည်မောင်းနှင်နိုင်ပါကြောင်းနှင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းစနစ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက လက်ရှိကျင့်သုံးလျက်ရှိသော "စုံ" / "မ" ရက်စနစ်- QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်သမ္မတရုံး**

---

**❑ ညောင်တုန်းမြို့နယ်မှ**

ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ်သဲအိတ်ချခြင်းလုပ်ငန်း၊ ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

---

**◆ မိုးထစ်ချုန်းရွာနိုင်မှု**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးကို သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများ လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီး နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးကို သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများ လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီး နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ဒေါ်သိန်းမြင့် ၇၄ နှစ်ကို အိမ်အကူဖြစ်သူ တင်နွယ် ၅၈ နှစ်၊ ၎င်း၏သမီးဖြစ်သူ အေးမြတ်မွန် ခေါ် သူသူ ၁၇ နှစ်တို့နှစ်ဦးက နေအိမ်ရှေ့ ညှော်ခန်း၌ ဒေါ်သိန်းမြင့်၏ မျက်နှာပေါ်သို့ ခေါင်းအုံးနှင့်စောင်အုပ်၍ သတ်ဖြတ်ကာ ၎င်းဝတ်ဆင်ထားသည့် စိန်နားကပ် တစ်ရန်၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံးတို့ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် အရေးယူပေးပါရန် ဒေါ်သိန်းမြင့်၏ခင်ပွန်းဖြစ်သူ ဦးခင်မောင် ၇၁ နှစ်၏ တိုင်တန်းချက်အရ ဗိုလ်တထောင် မြို့မရဲစခန်းက (ပ)၅၈၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများ ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများ ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် တရားခံရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကကရံကျေးရွာနေ တင်နွယ်နှင့် အေးမြတ်မွန် ခေါ် သူသူတို့ နှစ်ဦးကို ကျုံမငေးမြို့ အဝေးပြေးကားဝင်းရှိ "အောင်ချမ်းသာ"ကားဂိတ်၌ သက်သေခံ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံး၊ ငွေကျပ် ၂၄၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တင်နွယ်နှင့် အေးမြတ်မွန် ခေါ် သူသူတို့၏ စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော တစ်လကျော်ခန့်မှစတင်၍ ဦးခင်မောင်နှင့် ဇနီးဖြစ်သူဒေါ်သိန်းမြင့်တို့၏ နေအိမ်တွင် အိမ်အကူအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ငွေကြေးလိုအပ်ချက်အရ စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဦးခင်မောင်သည် အမှတ်(၃)ရပ်ကွက်ရှိ ၎င်းပိုင်မုန့်ဆိုင်သို့ ရောက်ရှိနေစဉ် ဒေါ်သိန်းမြင့်ကို အသက်ရှူကျပ်သေဆုံးအောင် မျက်နှာကို ခေါင်းအုံးနှင့် စောင်တို့ဖြင့်ပိတ်၍ သတ်ဖြတ်ခဲ့ပြီး ဒေါ်သိန်းမြင့် ဝတ်ဆင်ထားသည့် စိန်နားကပ် တစ်ရန်၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ ဖုန်းနှင့် Tablet တို့ကို လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် အိမ်ရှင်ဖြစ်သူကို သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် ဖုန်းများ လုယက်ယူဆောင်ခဲ့သူ တရားခံ တင်နွယ်နှင့် အေးမြတ်မွန် ခေါ် သူသူတို့နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ **ကျောဖုံးမှအဆက်**

သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁) မောင်ဘုန်းသစ်ဟန်ကို ငွေသားဆုကျပ် သုံးသိန်းကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်ကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၆) မောင်ဇော်မင်းခန့်ကို ငွေသားဆုကျပ် သုံးသိန်းကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ကျောနံပါတ် (၃) မောင်ဇင်မင်းဦးကို ငွေသားဆုကျပ် သုံးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းကို ငွေသားဆုကျပ် ငါးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို Tropy နှင့် ငွေသားဆုကျပ် ခြောက်သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် သာသနာရေးဝန်ကြီးဌာန အသင်းကို Tropy နှင့် ငွေသားဆုကျပ်ခြောက်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ် ၁၀ သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်၁၀သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာန အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၂၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၂၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ် နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင် ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **ဂျူဒိုပြိုင်ပွဲမှ**

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်၊ ဦးမောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားသည့် ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျူဒို အမျိုးသား (-၃၈) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဇင်ညီညီ(ပဲခူး)နှင့် သန်းထက်ဦး (နေပြည်တော်)အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ဂျူဒိုအမျိုးသမီး (-၄၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ခင်ပိုးပိုးအောင်(မန္တလေး)နှင့် နန်းဖြူသဇင်ဦး(ဧရာဝတီ)တို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒို အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း ပြိုင်ပွဲဝင် စုစုပေါင်း ၂၃၈ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။

● **တာချီလိတ်မြို့မှ**

ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့အတွင်း ရပ်ကွက်များရှိ နေအိမ်များကို စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခန့်တွင် ဝမ်ကောင်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၆ ဦးတို့ကို ကွန်ပျူတာမျိုးစုံ အလုံး ၆၀၊ Wifi စက် ငါးလုံး၊ စားပွဲ ၁၄ လုံး၊ ထိုင်ခုံ ၅၁ လုံး၊ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



တရားမဝင် အွန်လိုင်းလောင်းကစားမှုလုပ်ကိုင်သည့်နေရာတွင် သိမ်းဆည်းရမိသည့် လိုင်စင်မဲ့မော်တော်ယာဉ်ကို တွေ့ရစဉ်။



မိုးအောင် ခေါ် ဆလိုင်းမိုးအောင်နှင့်အတူ သိမ်းဆည်းရမိမော်တော်ယာဉ်ကို တွေ့ရစဉ်။



နေပိုင်စိုး ခေါ် ဂျာကြီး ခေါ် အောင်ကျော်မြင့်



ရဲမင်းအောင် ခေါ် ပါးသိုင်း



ကျော်သာ ခေါ် အောင်ကျော်



မိုးအောင် ခေါ် ဆလိုင်းမိုးအောင်



နီဝင်း



သိန်းထွန်း



ကိုစိုး



ယုယုမော်

ဖမ်းဆီးရမိသူများ



မောင်ဝင်း ခေါ် အောင်စိန် ခေါ် အောင်သိန်း ခေါ် အောင်ထိန်



ရဲအောင်



ရွှေလင်း



ကိုဦး

ဖမ်းဆီးရန်ကျန်ရှိသူများ

■ **စိတ်ကြွဆေးပြားများမှ**

(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၃၀၃၅ ဘီလီယံ)ကိုဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးချက်များအရ စက်တင်ဘာ ၄ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရမည်းသင်းမြို့နယ် ပျဉ်ပြားရွာမှ အောင်လံမြို့နယ် ကွမ်းလောင်းကျေးရွာသို့ သယ်ဆောင်ခိုင်းသူများဖြစ်ကြသည့် နေပိုင်စိုး ခေါ် ဂျာကြီး ခေါ် အောင်ကျော်မြင့်ကို မိတ္ထီလာမြို့ ပြည်သာယာ(တောင်)ရပ်ကွက်ရှိ ဟိုတယ်၌ HONDA INSIGHT ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း ၁၁၅ မိုင်တွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူ ကျော်သာ ခေါ် အောင်ကျော်နှင့်အတူ ကိုစိုး၊ ယုယုမော်တို့ သုံးဦးကို စိတ်ကြွဆေးပြား ၁၉၄ ပြား (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၈၈ သိန်း)၊ မြန်မာငွေကျပ် ၉၁၇၁၅၀၀၊ GRAND TIGER ယာဉ်တစ်စီးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ဖော်ထုတ်ချက်များအရ စက်တင်ဘာ ၅ ရက်တွင် ရဲမင်းအောင် ခေါ် ပါးသိုင်းကို ရမည်းသင်းမြို့နယ် ပျဉ်ပြားကျေးရွာရှိ နေအိမ်၌လည်းကောင်း၊ အောင်လံမှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ ဆက်လက်သယ်ဆောင်သူ မိုးအောင် ခေါ် ဆလိုင်းမိုးအောင်ကို ပြည်မြို့ ပြည်သာယာရပ်ကွက်တွင် NISSAN VANETTE ယာဉ်တစ်စီးနှင့်လည်းကောင်း၊ နေပိုင်စိုး ခေါ် ဂျာကြီး ခေါ် အောင်ကျော်မြင့်က စိတ်ကြွဆေးပြား သယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် PAJERO ယာဉ်ကို မိတ္ထီလာမြို့နယ် ကွေ့ကြီးရွာအနီးတွင် လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက် များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နေ မောင်ဝင်း ခေါ် အောင်စိန် ခေါ် အောင်သိန်း ခေါ် အောင်ထိန် (ဖမ်းဆီးရန်ကျန်)က ရမည်းသင်းမြို့နယ်သို့ လာရောက် ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ အောင်လံသို့ ကျော်သာ ခေါ် အောင်ကျော်၏ အစီအမံဖြင့် သယ်ဆောင်ခြင်းဖြစ်ပြီး အောင်လံမှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ သယ်ဆောင်သူများမှာ မိုးအောင် ခေါ် ဆလိုင်းမိုးအောင်၊ ရဲအောင် (ဖမ်းဆီးရန်ကျန်)နှင့် ကိုဦး (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း၊ အမ်းမှ မောင်တောသို့ ဆက်လက်သယ်ဆောင်သူမှာ ရွှေလင်း(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရသည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင်ပါဝင်သည့် ကျော်သာ ခေါ် အောင်ကျော်နှင့် ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ အဓိကစီမံခန့်ခွဲသူ မောင်ဝင်း ခေါ် အောင်စိန် ခေါ် အောင်သိန်း ခေါ် အောင်ထိန်(ဖမ်းဆီးရန်ကျန်)နှင့် ချိတ်ဆက်၍ ရခိုင်ပြည်နယ် မောင်တောမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆက်လက်ပို့ဆောင်သူမှာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ နိုင်နိုင်ဦးဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွဆေးပြားများ အကြိမ်ကြိမ် သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ရိုးသားခြင်းသာ ပန်ဆင်ပါ

ချင်းတောင်လတ်ငြိမ်း



(၁)

မိငြိမ်းဆိုလျှင် အရပ်ထဲက မသိသူမရှိပေ။ အားလုံးနှင့် ရင်းနှီးသည်။ မိသားစုလေးယောက်စာအတွက် မိငြိမ်းတစ်ယောက်တည်း ရုန်းကန်ရှာသည်။ အရွယ်မရောက်သေးသည့် မောင်လေး၊ မီးယပ်ကျိုးဖြစ်နေသည့်အမေနှင့် သောက်စားမူးရူးနေသည့်အဖေတို့သည် မိငြိမ်းအတွက် ဒုက္ခများကို တမင်တကာ ပေးနေကြသည်လားဟု ထင်မှတ်ရသည်။ မိငြိမ်းမှာ သူရုန်းကန်ရသမျှသည် သူ့အတွက် ဒုက္ခဟုမမှတ်ပေ။ တာဝန်ယူမှုတစ်ခုဟုသာ ထင်မှတ်ပုံရသည်။

"သမီးရေ အဖေထမင်းစားတော့မယ်"

"ဟုတ်ကဲ့အဖေ။ စားပွဲပေါ်မှာ ထမင်းရော ဟင်းရော ခူးထားတယ်"

မိငြိမ်း၏အဖေ ဦးကျားမောင်က ရီဝေနေသော မျက်နှာထားနှင့် ထမင်းကို တစ်လုတ်ချင်းစား၍ တမြုံ့မြုံ့ဝါးနေသည်။ စိတ်ထဲတွင် ပြောချင်သောစကားများရှိမည်ထင်သည်။ သို့သော်လည်း ခံစားချက်ကိုကိုယ်စားပြုသည့်စကားလုံးမှာ နည်းနည်းသာရှိသည်။

"ငါအသုံးမကျလို့ ငါ့သမီးအခုလို ပင်ပင်ပန်းပန်း လုပ်နေရတာ"

ဦးကျားမောင်က သူ့ခေါင်းသူ ထမင်းလုံးများပေနေသည့် လက်သီးဖြင့်ထိုးကာ ဒဏ်ခတ်နေလေသည်။ ယခုကဲ့သို့ပြောပြီး ယောကျ်ားတန်မဲ့ ဦးကျားမောင် မျက်ရည်ဖြိုင်ဖြိုင်ကျ၍ငိုသည်။

"တော်ကလဲလေ မူးလာရင် ဒီစကားပြောပြီး ငိုပြီ။ ထမင်းအေးအေးမစားဘူး။ အလုပ်ကောင်းကောင်းလုပ်မယ်လို့တော့ စိတ်မကူးဘူး။ သူများတွေ ဘူးခွံတွေကောက်ရောင်းနေတာ မမြင်ဘူးလား။ တော်လဲ အဲဒီလိုရောင်းပါလား။ အခုတော့ သူကပဲ စိတ်မကောင်းဖြစ်ရတယ်ရှိသေး။ မပြောလိုက်ချင်ဘူး"

"အေးပါမြကြည်ရာ ငါ့ကိုငါခွင့်မလွှတ်နိုင်သေးလို့ပါ"

"အမယ်လေး။ လောကမှာ ဘယ်သူမှအပြစ်ကင်းတယ်ဆိုတာမရှိပါဘူး"

အိပ်ရာထဲလဲနေသည့် အမေဖြစ်သူက ယောကျ်ားဖြစ်သူကိုအပြစ်တင်မိလေသည်။ မိငြိမ်းက သူ့အမေ၏ ထဘီ၊ အင်္ကျီများကို လျှော်ဖွပ်ရင်း သူ့မိဘများ စကားများနေသည်ကို ကြည့်မိလေသည်။ ဦးကျားမောင် မူးလာတိုင်း ယခုကဲ့သို့စကားများ ကြားနေကျဖြစ်၍ မိငြိမ်းအတွက်တော့ နားရည်ဝနေပြီ။

(၂)

"ဟဲ့ မိငြိမ်း။ နင်မျက်လုံးမပါဘူးလား။ ဒီမှာ ကြည့်စမ်း။ နင်လုပ်တာ ငါ့ဖိနပ်နဲ့ ဘောင်းဘီတွေ စိုကုန်ပြီ"

"ငါမမြင်လိုက်လို့ပါ အေးချမ်းမေရယ်"

"အဲဒီလိုပြောလို့ စိုနေတဲ့ရေတွေ ပြန်ခြောက်မတဲ့လား။ ဒါဘယ်လောက်တန်လဲ နင်သိလား။ နင့်လုပ်အားခရဲ့ ဆယ်ဆလောက်တန်တယ်ဟဲ့။ သိရဲ့လား"

အေးချမ်းမေက သူတို့ရပ်ကွက်က အလှဘုရင်မတစ်ပါး။ ရုပ်ကလေးလှသလောက် အပြောအဆိုမှာတော့ လူချစ်လူခင်ရှားပါသည်။ မိဘတွေက ပြည့်စုံ၍ သမီးကို အလိုလိုက်ထားကြဟန်တူသည်။ တော်သေးသည်၊ ရုပ်ကလေးလှ၍သာဟု ပြောရမည့် သူထဲတွင် အေးချမ်းမေလည်းပါပါသည်။

ယခုလည်း မိငြိမ်း အဝတ်လျှော်သည့် ရေဆိုးတွေကို အမှတ်မဲ့ အပြင်သို့သွန်မိရာမှ စကားများကြခြင်းဖြစ်သည်။

"သမီး လုပ်စရာရှိတာလုပ်နော်။ နင့်သူငယ်ချင်းက အဲဒီလိုပဲ။ သူ့စိတ်ထဲလဲ တကယ်ရှိတာမဟုတ်ဘဲနဲ့ ပြောချင်ရာပြောတတ်တာ အကျင့်ဖြစ်နေပြီ"

အေးချမ်းမေ၏အမေက ကြားမှ ပြေရာပြေကြောင်းပြောရှာသည်။

"ရပါတယ် အန်တီ"

အေးချမ်းမေက မိငြိမ်းကို ဒေါသနှင့်ကြည့်ရင်း သူ့အမေကို ဤသို့ပြန်ပြောလေသည်။

"ဘာသူငယ်ချင်းလဲ မေမေရယ်။ သူ့နဲ့သမီးက ခင်ကြတာလဲမဟုတ်ဘူး"

"ဟဲ့ သမီး အဲဒီလိုမပြောရဘူးလေ။ သမီးနဲ့ မိငြိမ်းက ကျောင်းတူ အတန်းတူ တက်ခဲ့ကြဖူးတာပဲ"

အေးချမ်းမေတို့ သားအမိနှစ်ဦး စကားကို အချေအတင်ပြောလျက် ခြံပြင်သို့ ထွက်သွားကြလေသည်။ မိငြိမ်းတစ်ဦးတည်းသာ အေးချမ်းမေတို့၏ အဝတ်များကိုလျှော်လျက် ကျန်ခဲ့လေသည်။

တစ်ချိန်က မိငြိမ်းအဖေနှင့် အေးချမ်းမေတို့၏ အဖေသည် လုပ်ငန်းတူ စီးပွားဖက်များဖြစ်သည်။ မိငြိမ်းတို့မိသားစုကံဆိုး၍ စီးပွားမတက်ဘဲ စီးပွားပျက်ခဲ့ရသည်။ မောင်ရင်လောင်းဖြစ်စဉ်က ရွှေထီးဆောင်းခဲ့ရသည့်အချိန်ကို မိငြိမ်းမေ့လိုက်သည်မှာ ကြာလေပြီ။ ဘဝသစ်၏ ခရောင်းလမ်းကို ရဲရဲဝံ့ဝံ့လျှောက်လာခဲ့သည်မှာ ငါးနှစ်ကျော်ကြာခဲ့လေပြီ။ ဆင်းရဲခြင်းသည် သံသရာတစ်ခုဖြစ်ခဲ့လျှင် ထိုသံသရာကို မိငြိမ်းလက်ဖြင့် မြန်မြန်လှည့်လိုက်ချင်ပါသည်။

(၃)

လက်ထဲတွင် ဆာလာအိတ်အစုတ်တစ်လုံးကို ကိုင်၍ လမ်းကြိုလမ်းကြားမကျန်၊ အမှိုက်ပုံမကျန် သဲကြီးမဲကြီးပစ္စည်းတစ်ခုခုကို ရှာဖွေနေသူက ဦးကျားမောင်ဖြစ်သည်။ နာမည်က ကျားမောင်ဖြစ်သော်လည်း လူပုံက ခပ်ယိုင်ယိုင်ဖြစ်နေသည်။ ဇရာ၏သဘောကိုညွှန်ပြနေသည့် အရေပြားတွန့်တွန့်များက သူ့အသက်အရွယ်ကို ထောက်ပြနေသည်။ အကြောပြိုင်းပြိုင်းထနေသည့် လက်ချောင်းများဖြင့် ဘူးခွံများကို ကောက်နေလေသည်။

"ဟာ မိုးကောင်း....."

ဦးကျားမောင် အသံထုတ်၍ ခေါ်သော်လည်း ဦးမိုးကောင်းက တကယ်မကြား၍လား၊ မကြားချင်ယောင်ဆောင်၍နေသလား မပြောတတ်ပေ။ ဦးမိုးကောင်းက ဦးကျားမောင်ကို လှည့်၍ပင်မကြည့်ပေ။ ဦးကျားမောင်လည်း ဆိုင်ရှေ့မှပစ်ထားသည့် ဘူးခွံများကိုကောက်ကာ အိတ်တွင်းသို့ထည့်နေသည်။

"ကိုကျားမောင်..."

ရုတ်တရက်ခေါ်သံကြောင့် ခေါ်နေသူကို လှည့်ကြည့်မိသည်။

"မိုးကောင်း....."

သူငယ်ချင်းနှစ်ယောက်ပြန်တွေ့ကြ၍ ဆိုင်ထဲတွင် ထိုင်ကာ စကားပြောကြလေသည်။

"မင်း ဒီအလုပ်တွေလုပ်နေတာ ငါမကြည့်ရက်ဘူးကွာ။ အကူညီလိုရင် ငါကူညီပါမယ်ကွာ"

"တော်ပါပြီ မိုးကောင်းရာ။ ငါအရင်လို ဘဝမျိုး ပြန်မရောက်ချင်ဘူး။ မင်း ဒီအလုပ်တွေလုပ်နေတာ နားဖို့ကောင်းပြီ။ မင်းမှာ စုမိဆောင်းမိနေပြီပဲကွာ။ သမ္မာအာဇီဝကျတဲ့ အလုပ်ပြောင်းလုပ်ဖို့ ငါတောင်းဆိုတယ်ကွာ။ တစ်ချိန်ကျရင် မင်းလဲ ငါ့လိုဖြစ်သွားမှာ မလိုချင်ဘူးကွ"

"မင်းက ကံမကောင်းလို့ဖြစ်သွားတာပါကွာ။ ငါက အခုဆို ရင်းနှီးရမဲ့လူတွေနဲ့ ရင်းနှီးထားတော့ ငါသွားတဲ့ လမ်းကရှင်းတယ်။ တစ်ခါတလေတော့လဲ နည်းနည်းလောက်တော့ အမိခံရတာပေါ့ကွ။ မင်းလဲ ငါနဲ့အလုပ်ပြန်လုပ်ရင် အန္တရာယ်မရှိဘူးဆိုတာ အာမခံတယ်ကွာ။ ဘယ်လိုလဲ ငါနဲ့လက်တွဲမလား"

ဦးကျားမောင်က သတိတရားရစွာ ခေါင်းခါပြလေသည်။

"အေး ဒီလိုဆင်းဆင်းရဲရဲနဲ့ နေချင်သေးတယ်ဆိုလဲ နေပေ့ါကွာ။ ငါကတော့ ငါ့အလုပ်ငါဆက်လုပ်ရမှာပဲ"

ဦးကျားမောင်က ဦးမိုးကောင်း၏ လက်တစ်စုံသည် ဆွဲခေါ်သည့်လက်ဖြစ်သော်လည်း တစ်ခါတစ်ရံ ထိုလက်ပိုင်ရှင်ကိုယ်တိုင် မရေရာသည့် မနက်ဖြန်ကို ပိုင်ဆိုင်ထားသူဖြစ်၍ မချိန်မရွေး ဒုက္ခရောက်နိုင်သည်ကို နားလည်ထားသည်။ ထို့ကြောင့်လည်း ဦးမိုးကောင်း၏စကားကို ငြင်းခြင်းဖြစ်သည်။

(၄)

"မမ သားကျောင်းမတက်ရသေးဘူးလားဟင်။ ဟိုဘက်အိမ်က ချစ်ထူးက ကျောင်းတက်တော့မှာတဲ့"

မိငြိမ်းရင်ထဲ လှိုက်ကနဲ ဖြစ်သွားမိသည်။ တကယ်တော့ မိငြိမ်းကိုယ်တိုင်လည်း ကျောင်းတက်ချင်သေးသည်။ သူငယ်ချင်းတွေနှင့်အတူ ပျော်ချင်သေးသည်။ စာအုပ်နှင့် ဘောပင်ကို ကိုင်ချင်သေးသည်။ ယခု မိငြိမ်းမှာ ဆပ်ပြာမှုန့်နှင့် အဝတ်များကိုသာ ပယ်ပယ်နယ်နယ်ကိုင်နေရသည်။

မိငြိမ်းကိုယ်တိုင်လည်း အပျိုလေးတစ်ယောက်ဖြစ်၍ သူများကဲ့သို့ ဝတ်ချင်စားချင်စိတ်ရှိသော်လည်း အဆင်မပြေသေးသည့် စားဝတ်နေရေးကြောင့် မျိုသိပ်ထားရသည်မှာ နှစ်အတန်ကြာခဲ့လေပြီ။

"သားလေးရေ. . . ဒီမှာ အဖေဆီမှာ ဘာပါလဲကြည့်စမ်း"

"ဟာ....လွယ်အိတ်လေး ခဲတံရော၊ စာအုပ်ရောဟေ့ ကျောင်းတက်ရတော့မယ်ဟေ့"

ကလေးတို့သဘာဝ လိုချင်တာရ၍ ရွှင်မြူးနေသော မောင်လေးကို မိငြိမ်းကကြည့်၍ ပီတိဖြစ်ရှာသည်။ မိငြိမ်းက မောင်လေးအတွက်ဝယ်ခဲ့သည့် စာအုပ်နှင့်ခဲတံကိုယူ၍ နာမည်ရေးပေးသည်။ စာအုပ်၏ နာမည်ရေးရမည့်နေရာတွင် "မောင်ကောင်းသန့်" ဟူ၍ရေးပေးလိုက်လေသည်။

"အဖေ ပိုက်ဆံက ဘယ်လိုရခဲ့တာလဲ"

"သြော်...သမီးရယ် အလုပ်လုပ်ပြီးရခဲ့တာပေ့ါ"

မိငြိမ်းက သူ့အဖေ အခါတိုင်းကဲ့သို့ မူးမနေတော့သည်ကို သတိထားမိသည်။ မိငြိမ်းက သူ့အဖေ ဘယ်လိုအလုပ်လုပ်နေသလဲဟု မတွေးတတ်အောင် ဖြစ်ရသည်။

အိပ်ရာထဲလဲနေသည့် မိငြိမ်းအမေက ဦးကျားမောင်ကို မျက်စောင်းနှင့်ကြည့်၍ ဤသို့ပြောလိုက်လေသည်။

"ဟင့်....ခွေးရူးကောင်းစား တစ်မွန်းတည့်ပေ့ါ သမီးရယ်"ဟုအဓိပ္ပာယ်ပါသောစကားကို ခပ်ထေ့ထေ့ ပြောလိုက်လေသည်။

"မင်းကလဲ ငါလဲတတ်နိုင်သလောက်တော့ ဖခင်တာဝန်ကျေချင်ပါတယ်ကွာ"ဟု အသံလေးလေးကြီးဖြင့် ပြောလိုက်လေသည်။ ထိုသို့သတိတရားရလာသည့် အဖေအတွက် မိငြိမ်းပျော်သည်။

(၅)

"ဟော့ ကြည့်ပါအုံးဟယ်။ အချို့သူတွေဆို ငါတို့လို ကျောင်းတက်ချင်တိုင်း တက်လို့ရတာမဟုတ်ဘူး။ ပိုက်ဆံဆိုလဲ သုံးချင်တိုင်း သုံးရတာမဟုတ်ဘူး။ တစ်နေကုန်တစ်နေခန်း လက်အရည်ကြည်ဖုထအောင်အဝတ်လျှော်မှ ငါတို့ကျောင်းမုန့်ဖိုးလောက်ရတဲ့သူတွေ တကယ်ရှိတယ်နော်"

"ဟုတ်လား။ ဘယ်မှာလဲ"

မိငြိမ်းအဝတ်လျှော်နေသည့်အနီးတွင် စကားကို အော်ကျယ်အော်ကျယ်ဖြင့်ပြောနေသူမှာ အေးချမ်းမေနှင့် သူ့သူငယ်ချင်းများဖြစ်သည်။ မိငြိမ်းက ရင်ထဲမှ အလိပ်လိုက်တက်လာသည့် ဒေါသများကိုကြိတ်မှိတ်ရင်း အဝတ်ကိုသာလျှော်နေရသည်။ ဟိုတစ်နေ့က အေးချမ်းမေ၏ ဖိနပ်နှင့်ဘောင်းဘီကို ရေနှင့်ပက်မိသည်ကို မကျေနပ်၍ ဤသို့ပြောခြင်းဖြစ်သည်ကို နားလည်သည်။ ဤပြဿနာကို မည်သို့ဖြေရှင်းရမည်ကို မိငြိမ်းသိသည်။ အဝတ်လျှော်ပြီး၍ မိငြိမ်းက သူ့အဖေကို ရပ်ကွက်ထဲ လှည့်၍ရှာသည်။ သိပ်ကြာကြာမရှာရဘဲ ခဏလေးနှင့်တွေ့သည်။ ဦးကျားမောင်က အိတ်တစ်လုံးကိုဆွဲ၍ လမ်းဘေးဝဲယာတွင် ဘူးခွံများကို ကောက်နေသည်။ စာမျက်နှာ ၂၅ သို့

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ ပန်းဂေါ်ဖီ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် နည်းပညာတွေ ပေးသွားပါမယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေထံမှ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပိဿာချိန် ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဘိုကလေးမြို့နယ်ကနေ ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း ကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။




လက်ရှိ စက်တင်ဘာလထဲမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ကဏန်းတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၇၅၀၀ ထိ အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

"အဖေ..."

"ဟင် သမီး။ အဝတ်လျှော်ပြီးပြီလား"

"ပြီးပြီအဖေ။ အဖေ့ကို အရေးတကြီးပြောစရာရှိလို့"

"ဟင်....အရေးတကြီးဆိုတော့ နင့်အမေဘာဖြစ်လို့လဲ"

"အမေက ကောင်းပါတယ်။ သမီးကို ရပ်ကွက်ထဲကသူတွေက နှိမ်ကြတယ်အဖေ။ ပိုက်ဆံမရှိလို့ သမီးအခုလိုအနှိမ်ခံနေရတာ။ ပိုက်ဆံမရှိတော့ အမေ့ကိုလဲ ဆေးမကုနိုင်ဘူး။ အဲဒါအဖေ အရင်အလုပ်ပြန်လုပ်ကြည့်ပါလားလို့ ပြောမလို့ပါ"

သမီးဖြစ်သူ၏စကားကြောင့် ဦးကျားမောင်၏ အတွေးများသည် အတိတ်ဆီရောက်သွားသည်။ စီးပွားရေးကို ဖြတ်လမ်းနှင့်လိုက်စဉ် ဦးကျားမောင် ကံဆိုးခဲ့သည်။ ဖမ်းမိသည့်ပစ္စည်းက နည်းနေသဖြင့် ထောင်ခုနစ်နှစ်ကျခဲ့သည်။ ယခုသမီးက အရင်အလုပ်ပြန်လုပ်ရန် ပြောနေပြီ။

"သူများတွေနှိမ်တော့ရော ဘာဖြစ်လဲသမီးရယ်။ အသားပဲ့ပါသွားတာလဲ မဟုတ်ဘူး။ နှိမ်တဲ့သူကသာ အောက်တန်းကျတာပါသမီးရဲ့။ အဖေလဲ အရင်အလုပ်ကို ပြန်မလုပ်ချင်ဘူး။ သူများဘဝပျက်မှ ကိုယ်ထမင်းဝမဲ့ကိစ္စပါသမီးရယ်။ ပတ်ဝန်းကျင်က အထင်သေးတဲ့အကြည့်ကိုလဲ အဖေမခံချင်ဘူး။ ဒါပေမဲ့ ဂုဏ်သိက္ခာဆိုတာမျိုးက သူများချလို့ကျတာမဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်ချမှ ကျတာပါ။ မရိုးသားတဲ့နည်းနဲ့ ရှာပြီးရလာတဲ့ငွေဟာ မသန့်ရှင်းဘူး။ အဖေကိုယ်တိုင်လဲ အဲဒီလိုနည်းနဲ့ ငွေမရှာချင်တော့ဘူး။ သမီးတို့ကို သမ္မာအာဇီဝနဲ့ ရှာကြွေးတဲ့ ထမင်းအတွက် အဖေဂုဏ်ယူတယ်။ အဖေလဲ သိက္ခာရှိတယ်။ အဲဒီတော့ သမီးရယ် ဆင်းရဲလို့ စိတ်မပျက်နဲ့။ အားမငယ်နဲ့။ အဖေရှိတယ်နော်သမီး။ နောက်တော့ အဖေ့ကို အရင်အလုပ်ပြန်လုပ်ပါလားဆိုတဲ့ စကားကိုတော့ အဖေကို မပြောပါနဲ့သမီးရယ်"

"ဟုတ်ကဲ့အဖေ။ သမီးလဲ အေးချမ်းမေရဲ့ ချိုးချိုးနှိမ်နှိမ်ဆက်ဆံတာကို မကျေနပ်လို့ အဖေ့ကို အရင်အလုပ်ပြန်လုပ်ခိုင်းမိတာပါ"

"သမီးရေ ဘဝမှာ ရိုးရိုးသားသားနဲ့ရှာဖွေလို့ရလာတဲ့ ငွေနဲ့ဝယ်စားမှ ဒီဘဝအတွက်ရော နောင်ဘဝအတွက်ရော အာဟာရဖြစ်မှာပေါ့။ သမီးလဲ အရွယ်ရောက်တဲ့မိန်းကလေးဖြစ်လေတော့ အများတကာလို ဝတ်ချင်စားချင်မယ်ဆိုတာ အဖေသိပါတယ်။ လူတစ်ဖက်သား ဒုက္ခရောက်၊ ဘဝပျက်စီးမှုရလာတဲ့ငွေထက် အခုလို အဝတ်လျှော်၊ ဘူးခွံကောက်ပြီးရလာတဲ့ငွေနဲ့ ဝယ်ဝတ်လိုက်တဲ့ အဝတ်အစားကသာ အကောင်းဆုံးပါသမီးရယ်။ ဘဝမှာ ရိုးသားခြင်းကို ပန်ဆင်ကြသူတွေသာ အထက်တန်းစားတွေပေါ့ သမီးရယ်။ လာသမီး အိမ်ပြန်ရအောင်"

"ဟုတ်ကဲ့အဖေ"

ဦးကျားမောင်က ဘူးထည့်ထားသည့် အိတ်ကိုလက်တစ်ဖက်က ဆွဲလျက် မိငြိမ်းနှင့်ဦးကျားမောင်တို့ သားအဖနှစ်ယောက် အိမ်သို့ ပြန်ကြလေသည်။ သူတို့ခြေလှမ်းတွေဟာ မနက်ဖြန်အတွက် အားအင်များ ပြည့်လျက်ရှိသည်ဟု ထင်ရလေသည်။

## မေတ္တာစိတ်

\- အတ္တမပါ ဆောင်ရွက်
အရောင်ထွက်ဖြူစင်၊
စီးဆင်းနေ အချိန်တိုင်း
နှလုံးက လွင်၊
ရှေးရှုပြု စုန်ရေသွင်
မှန်ရွှေဘဝင် ရင်ထဲဝေ့၊
စိတ္တဇနာမ် မျိုးနွယ်ကောင်းက
အောင်ကြောင်းနဲ့ ရွေ့။

\- ရလိုက်သူ စိတ်ချမ်းမြေ့
လန်းမွေ့ပေ့ါ ရှစ်ခွင်နယ်၊
သင်းလှိုင်လှိုင် ဂုဏ်ရနံ့က
ပျံ့နှံ့မှုကြွယ်၊
ပုံရိပ်က ပန်းရွှေနွယ်
စမ်းရေနယ် အေးမြ၊
ဖြန့်ကြက်ရာ ရွှန်းလဲ့လဲ့နဲ့
ကွန်းဖွဲ့ အလှ။

\- အမြင့်ဆောင် စိတ်ရသ
ဖိုးရွှေလ လင်းရောင်လို၊
ကိုယ်မှာတည် အကြည်ဓာတ်မို့
မြတ်မှုလည်း ပို၊
အထက်တန်းစား စိတ်ထားကို
ကိုယ်စီဝယ် ရှိအောင်မွေး၊
လွှမ်း အချစ်ကမ္ဘာ
စမ်းဝတ်လွှာ အိတ်အဖွင့်မှာလ
ပန်းမေတ္တာ စိတ်တစ်ပွင့်နဲ့
(ကိုယ့်ကံကို..)
မြှင့်ခဲ့ကြလေး။ ။

ချမ်းမြေ့(ဇလွန်မြေ)

# သထုံမြို့နယ် ဒင်္ဂါးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ စက်တင်ဘာ ၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒင်္ဂါးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒင်္ဂါးဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးနှင့် အခြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသား ၄၅ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# စာဖတ်ကြပါစို့

မန်းတင့်မော်



စာသင်သားတပည့်တစ်ဦးက "ဘာစာတွေဖတ်ရမလဲ၊ ဘယ်လိုဖတ်ရမလဲ၊ ဘာကြောင့်ဖတ်ရသလဲ" ဟူသောမေးခွန်းသုံးခု စာရေးသူကိုမေးလာပါသည်။ သူက မြန်မာစာအားနည်း၍ တိုင်းတစ်ပါးဘာသာရပ်တစ်ခုတွင် အထက်တန်း(အခြေခံ)ထိ တတ်မြောက်ထားသူဖြစ်သည်။ မြန်မာစာကို ကောင်းကောင်းမရေးတတ်၊ မဖတ်တတ်။ အင်္ဂလိပ်စာကိုလည်း ကောင်းစွာနားမလည်ဟုဆိုပြန်သည်။ ဘာကိုဘယ်က ဘယ်လိုစရပ့်။ အမေးရှိလျှင်ဖြင့် အဖြေရှိရတော့မည်။ ဘာစာတွေဖတ်ရမလဲဆိုသော မေးခွန်းအတွက်တော့ မူလတန်းမြန်မာဖတ်စာတွေ ဖတ်ခဲ့ဖူးသူဟုဆိုသဖြင့် မြန်မာရုပ်ပြ၊ ကာတွန်းတွေက စဖတ်ရန် တိုက်တွန်းမိသည်။ သို့သော် မြန်မာကလေးများအတွက် စာ-နယ်-ဇင်းကလည်း နည်းပါးသည်။ လိုလိုလားလားဖတ်၊ မဖတ်ကလည်း မသေချာပေ။

တစ်ခေတ်တစ်ခါက စာမတတ်သူပပျောက်ရေးအတွက် ဖတ်ရှုရန် စာစဉ်ငယ်လေးများ ပေါ်ထွက်ခဲ့ဖူးသည်။ စာကြည့်တိုက်ကြီးများတွင် ထိန်းသိမ်းထားရှိမည်ဖြစ်သော်လည်း လက်လှမ်းမမီ၍ လမ်းမညွှန်နိုင်။ လက်တစ်ကမ်းကျောင်းစာကြည့်တိုက်တွင် စာပေရေချမ်းစင်ဟုအမည်ပေးထားသော စာအုပ်စာစောင်လေးများရှိ၏။ သုတ၊ ရသစာပေနှစ်မျိုးကို မျှတစွာရွေးချယ်ဖော်ပြထားသဖြင့် သင့်တော်ပါသည်။ စာဖတ်ခါစ ကလေးများနှင့် စာဖတ်ချင်သူအားလုံး ဖတ်သင့်သော စာစောင်လေးများပါဝင်သည်။ ကလေးများအတွက်မူ အရုပ်ပါသော စာစောင်များက ပို၍ဆွဲဆောင်မှုရှိမည်ဖြစ်သည်။ လက်လမ်းမီသမျှ နိုင်ငံတကာစာများ စတင်ရာတွင်လည်း အရုပ်များ၊ ကတ်ပြားငယ်များဖြင့် စကားလုံးများကို ထိတွေ့ရာမှစတင်၍ အဆင့်ဆင့်တက်ရသည်ကို သတိပြုမိသည်။

မြန်မာစာကို အတန်အသင့်ဖတ်တတ်၊ ရေးတတ်လျှင် ကလေးဖတ်စာများ ဖတ်နိုင်ပြီ။ စာရေးသူငယ်စဉ်က စာပေဗိမာန်က ထုတ်ဝေသောစာစဉ်များနှင့် ကလေးဂျာနယ်များကိုဖတ်ရင်း စာဖတ်ခြင်းကို နှစ်သက်တတ်လာပါသည်။ စာဖတ်ချင်စိတ်ကို နှိုးဆော်သောစာများဖြစ်ပါ၏။ ယခုအခါ ကလေးစာပေအတွက် စာစောင်များအနည်းငယ်ရှိနေသေးသည်။ တေဇရုပ်စုံ၊ ရွှေသွေးဂျာနယ်၊ မိုးသောက်ပန်းဂျာနယ်နှင့် အလိမ္မာကလေးမဂ္ဂဇင်းများ အပတ်စဉ်ထွက်၊ လစဉ်ထွက်ရှိနေသည်ကို မှတ်သားမိသည်။ ၎င်းတို့သည် ကလေးများသာမက စာဖတ်လိုသူများအတွက် စာဖတ်ရာတွင် ချောချောမွေ့မွေ့ဖြစ်စေရန်လည်း အထောက်အကူဖြစ်နိုင်ပါသည်။

ဘာသာရပ်တစ်ခုသို့မဟုတ်ဘာသာစကားတစ်ခုကို ထဲထဲဝင်ဝင်လေ့လာလိုသောအခါ မိမိကျွမ်းကျင်စွာဖတ်နိုင်သော ဘာသာစကားနှင့် စတင်လေ့လာဖတ်ရှုမည့် ဘာသာစကားတို့ကို ဖလှယ်နိုင်သော အဘိဓာန်များကိုလည်း ခေတ်အဆက်ဆက်ပညာရှင်တို့က အားထုတ်ပြုစုခဲ့ကြသည်။ အဘိဓာန်ပညာရှင်များ၏ ကျေးဇူးကြောင့် ဘာသာစကားအမျိုးမျိုး အဘိဓာန်များရှိသည်။ စာအုပ်များအဖြစ် လက်ကိုင်ပြုနိုင်ကြသည်။ ခေတ်ပေါ်အေအိုင်နည်းပညာ ပေါ်ပေါက်လာသဖြင့် နယ်ပယ်အသီးသီးအတွက် အထူးအကျိုးသက်ရောက်မှုများ ရှိလာသည်။ အေအိုင်၏အကူအညီဖြင့် စာဖတ်ခြင်းကိုလည်း များစွာတိုးတက်စေမည်ဖြစ်သည်။ တစ်ဖက်တွင် အဘိဓာန်စာအုပ်များကိုလည်း လက်မလွှတ်သင့်သေးပေ။ စာဖတ်ရာတွင် အနက်အဓိပ္ပာယ် သိရန်မှာ အေအိုင်ကိုလက်ဝဲ၊ အဘိဓာန်စာအုပ်ကို လက်ယာထားသင့်သည်။

စာဖတ်ရာတွင် စာကိုရွေးချယ်ဖတ်ရှုရန်လည်း အရေးကြီးသည်။ အထက်ပါ မေးခွန်းမေးသော စာသင်သားအတွက် စာရေးသူကို ငယ်စဉ်က ဆရာဖတ်ခိုင်းခဲ့တဲ့စာများကို သတိတရညွှန်းဆိုရပါသည်။ အခြေခံပညာအလယ်တန်းအဆင့်၌ စာဖတ်ရာတွင် စာသွားရန် ဆရာက ဖိတ်ကြားစာ(ဖိတ်စာ)အမျိုးမျိုးကို ကျောင်းသားတစ်ဦးချင်း ဖတ်ခိုင်းသည်။ အလှူ၊ မင်္ဂလာ၊ ရှင်ပြု၊ နားသ၊ ကျောင်းရေစက်ချ စသည့် ဖိတ်စာများကို အိမ်မှယူခဲ့ရန် မှာကြားသည်။ ထိုစာများက အိမ်တိုင်းတွင်ရှိသဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်း တစ်စောင်စီယူခဲ့ကြရသည်။ ယူလာသောဖိတ်စာများကို ကိုယ်တိုင်ဖတ်ပြခြင်း၊ အချင်းချင်းလဲလှယ်၍ ဖတ်ခြင်းတို့ကို ဆရာရှေ့တွင် လုပ်ဆောင်ရသည်။ စာမှားလျှင် ဆရာက ပြင်ပေးသည်။ စာထစ်လျှင် အထပ်ထပ် အခါခါဖတ်ပြရသည်။ ဖိတ်စာဖတ်ခြင်းချောမွေ့သွားလျှင် ဖိတ်စာထဲတွင်ပါသော အမည်၊ လိပ်စာ၊ အချိန်အစား ကျောင်းသား၊ ကျောင်းသူတို့၏ မိဘအမည်၊ မိသားစုဝင်များအမည်နှင့် ကျင်းပမည့်နေရာလိပ်စာ၊ အချိန်တို့ကို ပြောင်းလဲရေးထည့်စေခြင်းဖြင့် စာအရေးအသားတိုးတက်အောင် လေ့ကျင့်ပေးသည်ကို သတိရလျက်ရှိသည်။ ယခုခေတ် အချို့ဖိတ်စာတွင် နှစ်ဘာသာဖြင့် ရေးသားထားသည်ကို တွေ့နိုင်ပါသည်။ ဖိတ်စာများကို ဖတ်ခြင်းဖြင့် စာဖတ်ခြင်းအလေ့အထရနိုင်သည်။ ဖိတ်စာဟူသည် တိုလွန်းသောစာတိုဟု သတ်မှတ်နိုင်သည်။ စာတိုမှတစ်ဆင့် အကြောင်းအရာများကိုစဉ်လျက် စာစီစာကုံးကဲ့သို့သောစာများကို ဖတ်သင့်သည်။ ကျောင်းသား၊ ကျောင်းသူတို့အတွက် မြန်မာ၊ အင်္ဂလိပ် စာစီစာကုံးစာအုပ်များစွာရှိသည်။ လက်လှမ်းမီသမျှ ဖတ်ရှုလျှင် စာဖတ်ရှိန် မြင့်တက်လာနိုင်မည်ဖြစ်သည်။ စာသည် ဖတ်ရုံနှင့်မပြီး ရေးသားထားသော အရေးအသားများ တင်ပြပုံများကိုလည်း မှတ်သားအတုယူသင့်သည်။ သို့မှသာ အဖတ်မှအရေးသို့ တဖြည်းဖြည်းကူးပြောင်းတိုးတက်လာမည်ဖြစ်သည်။ အဖတ်မနာလျှင် အရေးမသာသည်ကို သတိချပ်သင့်သည်။ အခြေခံအားဖြင့် စာစီစာကုံးရေးရာတွင်ပင် ဆရာ၊ ဆရာမများ၏ လမ်းညွှန်မှုများကို လိုက်နာရမည်။ စ လယ် ဆုံး သုံးပါးစလုံး ညီညွတ်သောစာစီစာကုံးမျိုးကသာ စာမေးပွဲတွင် အမှတ်ရမည်ဖြစ်သည်။

စာစီစာကုံးမှတစ်ဆင့် စာ-နယ်-ဇင်းများသို့ကူး၍ ဖတ်သင့်ပါသည်။ ယခုကလေးများမဆိုထားနှင့် လူကြီးများပင် စာဖတ်သူနည်းလာသည်ကို သတိပြုမိသည်။ ယခင်ကဆိုလျှင် မြို့ပြတွင် နံနက်ခင်းတိုင်း သတင်းစာကို စောင့်မျှော်ဖတ်ခဲ့ကြရသလို ကျေးလက်အထိလည်း သတင်းစာက နိုင်ငံတစ်ဝန်း ပျံ့နှံ့ရောက်ရှိသည်။ သတင်းစာကို လူမှုကွန်ရက်စာမျက်နှာများပေါ်သို့ တင်လိုက်သဖြင့် အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ကြပြီဖြစ်ရာ ဖတ်ချင်စိတ်ရှိပါလျှင် ဝင်ရောက်ဖတ်ရှုနိုင်ပါပြီ။ သတင်းစာပါ ခေါင်းကြီးပိုင်းသည် သတင်းစာတစ်စောင်၏ အရေးပါဆုံးစာဖြစ်သည်ဟု မှတ်သားဖူးသည်။ ခေါင်းကြီးကို ကျော်လွှားမသွားသင့်ပေ။ သတင်းစာခေါင်းကြီးပိုင်း အရေးအသားကိုလိုက်၍ တုပခြင်းအားဖြင့် စာအရေးအသား တိုးတက်နိုင်သည်။ သတင်းစာပါ နိုင်ငံတွင်းနှင့် နိုင်ငံတကာသတင်းများ၊ သတင်းဆောင်းပါးများနှင့် ကြော်ငြာများအထိ ဖတ်စရာတစ်ပုံတစ်ပင်နှင့် မှတ်စရာအစုံအလင်ပါရှိသည်။

သတင်းစာတစ်စောင်ကို ခြေခြေမြစ်မြစ်ဖတ်ပြီဆိုလျှင် စာဖတ်အား အတော်အတန်ကောင်းသူဖြစ်ပြီဟုဆိုနိုင်ပါလိမ့်မည်။ သတင်းစာဖတ်ရာမှတစ်ဆင့် စာအုပ်စာပေအမျိုးမျိုးသို့ တက်လှမ်းကြရမည်။ လူငယ်လူရွယ်များအတွက် ဦးတည်ရေးသားထုတ်ဝေသောလူငယ်ဆိုင်ရာစာအုပ်များ များစွာရှိသည်။ ယနေ့ထက်တိုင် အသစ်ထွက်ရှိသောစာအုပ်များရှိသကဲ့သို့ ခေတ်အဆက်ဆက် ရေးသားထုတ်ဝေခဲ့သော လူငယ်လမ်းညွှန်စာအုပ်များစွာရှိရာ ရွေးချယ်ဖတ်ရှုနိုင်သည်။ အများသိတက်ကျမ်းများဆိုပါစို့။ ထိုတက်ကျမ်းများကို ဖတ်ရှုမှတ်သားလိုက်နာကျင့်ကြံရာမှတစ်ဆင့် တိုးတက်ကြီးပွားကာ လူ့ဘဝတန်ဖိုးမြင့်သွားကြသူများ မြန်မာနှင့် ကမ္ဘာမှာပါ များစွာရှိသည်။ ထိုသူတို့၏ဘဝခရီး၊ စာဖတ်ပုံ၊ စာဖတ်ရာမှ ဘဝမြင့်တက်ရန် ကြိုးပမ်းကြပုံများကို ရေးဖွဲ့ထားသော တိုးတက်အောင်မြင်ကြီးပွားသူများ၏အကြောင်း (အတ္ထုပ္ပတ္တိ)စာအုပ်များကိုလည်း မလွတ်တမ်းဖတ်ရှုသင့်သည်။

သုတစာပေများကိုဖတ်၍ ငြီးငွေ့လျှင် ရသစာပေသို့ပြောင်းဖတ်ရမည်။ တစ်ချိန်က လူငယ်နှင့်ဝတ္ထုက ခွဲ၍မရအောင် တစ်သားတည်းရှိခဲ့ဖူးသည်။ ယနေ့လူငယ် စာရေးဆရာ၊ ဆရာမများကလည်း ခေတ်ကိုထင်ဟပ်စေသောဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားထုတ်ဝေနေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ အချို့လူငယ်စာရေးဆရာ၊ ဆရာမများ၏ ဝတ္ထုဆိုလျှင် ရုပ်ရှင်ရိုက်ကူးတင်ဆက်ရသည်ထိ အောင်မြင်ကြောင်း သိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိသည်။ သူ့ခေတ်သူ့အခါနှင့် သူ့အတွေးများက လူငယ်လူကြီးမရွေး နှစ်သက်လက်ခံသည်ဆိုလျှင် အောင်မြင်သောစာရေးဆရာဟု ဆိုနိုင်ပါမည်။ သက်ဆိုင်ရာစာပေအကဲဖြတ်ပညာရှင်များကလည်း ဝေဖန်အကဲဖြတ်လျက်ရှိသည်။ တစ်ဖက်မှတက္ကသိုလ်များကလည်း စာပေဆိုင်ရာစာတမ်းများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စာဖတ်ချင်သူများအတွက် လက်ကမ်းကြိုဆိုလျက်ရှိသည်ဟုဆိုနိုင်သည်။

စာကို ဘာကြောင့်ဖတ်ရသလဲဟူသောမေးခွန်း၏အဖြေကို လွယ်လွယ်ဖြေရလျှင် "အသိအလိမ္မာတိုးရန်ဖတ်ရသည်"ဟု ဖြေချင်ပါသည်။ သုတစာပေကို ဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးနိုင်သကဲ့သို့ ရသစာပေကို ဖတ်ရှုခြင်းဖြင့် လူတို့၏နှလုံးကို ကြည်နူးစေသည်ဟုဆိုနိုင်သည်။ သုတ၊ ရသနှစ်မျိုးစလုံးက လူတစ်ယောက်အတွက် လိုအပ်ချက်ဖြစ်သည်။ သုတကဲ့၍ ရသနည်းလျှင်လည်း အဆင်မပြေ။ ရသကဲ့၍ သုတနည်းပြန်လျှင်လည်း အမြင်မကျယ်နိုင်။ ထို့ကြောင့် သုတစာပေနှင့် ရသစာပေနှစ်မျိုးစလုံးကို ညီမျှအောင် ဖတ်ရှုလေ့လာသင့်သည်။

"စာဖတ်ပါ စာဖတ်ပါ"ဟူသော တိုက်တွန်းနှိုးဆော်ချက်များက ပညာရေးနယ်ပယ်တွင် ကျယ်ကျယ်လောင်လောင်ရှိတတ်သည်။ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ စာဖတ်သင့်သည်မှာ အမှန်ဖြစ်၏။ ထို့ကြောင့် စာအုပ်စာပေကို အခြေခံလျက် လူမှုကွန်ရက်စာမျက်နှာများထိ လက်လှမ်းမီသမျှ စာပေများကို ဖတ်ရှုကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါသည်။

❖ စာကို ဘာကြောင့်ဖတ်ရသလဲဟူသော မေးခွန်း၏အဖြေကို လွယ်လွယ်ဖြေရလျှင် "အသိအလိမ္မာတိုးရန်ဖတ်ရသည်"ဟု ဖြေချင်ပါသည်။ သုတစာပေကိုဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးနိုင်သကဲ့သို့ ရသစာပေကိုဖတ်ရှုခြင်းဖြင့် လူတို့၏နှလုံးကို ကြည်နူးစေသည်ဟုဆိုနိုင်ပါသည်။ သုတ၊ ရသနှစ်မျိုးစလုံးက လူတစ်ယောက်အတွက် လိုအပ်ချက်ဖြစ်သည်။ သုတကဲ့၍ ရသနည်းလျှင်လည်းအဆင်မပြေ။ ရသကဲ့၍ သုတနည်းပြန်လျှင်လည်း အမြင်မကျယ်နိုင်။ ထို့ကြောင့် သုတစာပေနှင့် ရသစာပေနှစ်မျိုးစလုံးကို ညီမျှအောင် ဖတ်ရှုလေ့လာသင့်သည်။ ❖

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၇၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၇၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၇၂၁၂ ဧက စုစုပေါင်း ဧက ၇၆၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲပုပ် ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့ တောင်သူအသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ဇရပ်လှကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဇီးကုန်း စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇရပ်လှကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဇရပ်လှကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇရပ်လှကျေးရွာ၌ လမ်းအရှည် ပေ ၂၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုညို

# အောင်လံမြို့နယ် ငါ့ပျင်းကျေးရွာ၌ မြေနီလမ်းခင်းနေမှု စစ်ဆေး

**အောင်လံ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ငါ့ပျင်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်အောင်သန့်နှင့် တာဝန်ရှိသူများက ငါ့ပျင်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါငါ့ပျင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်ထံမှ သိရသည်။

နော်လူး

# ငပုတောမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

**ငပုတော စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများ စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါနေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက် လုပ်ချိန်ဆိုတော့ နေလှန်းဆား အရောင်းအဝယ်ကောင်းလာတာပါ။ လတ်တလော



တစ်ရက်တာ ရောင်းအားအနေနဲ့ နေလှန်းဆားပိဿာချိန် ၃၅၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက နေလှန်းဆားများကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဘားအံ စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့လှိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းနှင့် ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်ထံမှ သိရသည်။

ကိုသက်



# ခေါင်းမူးခြင်းနှင့် နောက်ဆက်တွဲရောဂါများ

ဒေါက်တာအောင်ညွန့်ပိုင်



ဆေးပညာလောကတွင် ရောဂါတစ်ခုကို ကုသခြင်းထက် ထိုရောဂါလက္ခဏာကို ဖြစ်ပေါ်စေသည့် နောက်ကွယ်က အကြောင်းရင်းကို ရှာဖွေခြင်းက ပို၍ အရေးကြီးသည်။ လူအများစုသည် မိမိတို့ခန္ဓာကိုယ်တွင် ရောဂါတစ်ခုခုခံစားရပါက ထိုရောဂါချက်ချင်း ပျောက်ကင်းသွားစေရန်အတွက်သာ အာရုံစိုက်လေ့ရှိကြသည်။ ဥပမာအားဖြင့် ခေါင်းကိုက်လျှင် အကိုက်အခဲပျောက်ဆေးသောက်ကြသည်။ ခေါင်းမူးလျှင် ခေါင်းမူးပျောက်ဆေး သို့မဟုတ် လေဆေးတစ်ခွက်သောက်ပြီး အိပ်ရာထဲလှဲနေတတ်ကြသည်။ သို့သော် မိမိတို့သောက်လိုက်သည့်ဆေးများသည် ခန္ဓာကိုယ်တွင်ဖြစ်နေသည့်ဝေဒနာကို ခေတ္တခဏသက်သာသွားစေရန် ဖုံးကွယ်ပေးလိုက်ရုံသာဖြစ်ပြီး အခန့်မသင့်ပါက အသက်အန္တရာယ်ဖြစ်နိုင်သည်။

အထူးသဖြင့် လူတိုင်းနီးပါး နေ့စဉ်ဘဝတွင် ခေါင်းမူးခြင်းကိုကြုံတွေ့ဖူးသည့် သာမန်ရောဂါတစ်ခုဖြစ်နေခြင်းကြောင့် လူထုကြားပေါ့ဆမှုအရှိဆုံး ရောဂါတစ်ခုလည်း ဖြစ်နေပြန်သည်။ အမှန်စင်စစ် ခေါင်းမူးခြင်းနောက်တွင် အတွင်းနားပြဿနာငယ်များမှ မိနစ်ပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သည့် ဦးနှောက်နှင့် နှလုံးရောဂါထိ များပြားသောရောဂါများစွာ ငုပ်လျှိုးနေတတ်သည်။

**လေဖြတ်ခြင်း၏ အချက်ပေးလက္ခဏာများ**

**ဟန်ချက်ပျက်ခြင်း**

အိပ်ရာကအထ သို့မဟုတ် လမ်းလျှောက်သည့်အခါ မိမိခန္ဓာကိုယ်ကို ဟန်ချက်မထိန်းနိုင်ဘဲ ဘယ်ဘက် သို့မဟုတ် ညာဘက်သို့ အမြဲယိုင်လဲသွားခြင်း၊ အရက်မူးနေသူကဲ့သို့ လမ်းဖြောင့်ဖြောင့်မလျှောက်နိုင်ခြင်းတို့ဖြစ်သည်။

**ခြေလက်အားနည်းခြင်း**

ခန္ဓာကိုယ်၏တစ်ဖက်ခြမ်း (ဘယ်ဘက်လက်နှင့် ဘယ်ဘက်ခြေထောက် သို့မဟုတ် ညာဘက်လက်နှင့် ညာဘက်ခြေထောက်)သည် ရုတ်တရက် လေးလံထိုင်းမှိုင်းသွားခြင်း၊ ပစ္စည်းကိုင်လျှင် လွတ်ကျခြင်း၊ လမ်းလျှောက်လျှင် ခြေထောက်တစ်ဖက်က မြေကြီးနှင့်ပွတ်ဆွဲလာခြင်းတို့ဖြစ်သည်။

**စကားပြောရခက်ခဲခြင်း**

မိမိပြောလိုသည့်စကားလုံးကို ရှာမရခြင်း၊ စကားပြောလျှင် လျှာလေးပြီး ဗလုံးဗထွေးဖြစ်နေခြင်း သို့မဟုတ် တစ်ပါးသူပြောသည့်စကားကို ကောင်းစွာနားမလည်တော့ခြင်းတို့ဖြစ်သည်။

**မျက်နှာရွဲ့စောင်းခြင်း**

မှန်ကြည့်သည့်အခါ သို့မဟုတ် ပြုံးပြခိုင်းသည့်အခါတွင် ပါးစပ်နှင့်မျက်နှာတစ်ဖက်သည် အောက်သို့ တွဲကျနေခြင်း၊ ရေငုံလျှင် သို့မဟုတ် တံတွေးထွေးလျှင် တစ်ဖက်မှလျှံကျလာခြင်းတို့ဖြစ်သည်။

**အမြင်အာရုံချို့ယွင်းခြင်း**

ရုတ်တရက်မျက်စိဝေဝါးသွားခြင်း သို့မဟုတ် လူတစ်ဦးတည်းကို နှစ်ဦးထပ်သဏ္ဍာန် မြင်နေရခြင်းတို့ဖြစ်သည်။

ခေါင်းမူးခြင်းနှင့်အတူ အထက်ပါလက္ခဏာများထဲမှတစ်ခုခုတွေ့ရှိရပါက ခေါင်းမူးသည့်ဝေဒနာကို ပျောက်အောင်လုပ်ရန်မကြိုးစားဘဲ ၎င်းသည် လေဖြတ်ခြင်း၏ အစောပိုင်းလက္ခဏာဖြစ်ကြောင်း အသိဝင်ကာ အရေးပေါ်လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ချက်ချင်းသွားရောက်ရမည်ဖြစ်သည်။

**ခေါင်းမူးခြင်းနောက်ကွယ်က အခြားရောဂါများ**

ခေါင်းမူးခြင်းကြောင့်ဖြစ်စေသည့် အကြောင်းရင်းသည် လေဖြတ်ခြင်းတစ်ခုတည်းမဟုတ်ပေ။ အောက်ဖော်ပြပါ လက္ခဏာများကြောင့်လည်း လေဖြတ်နိုင်သည်။

**ပြင်းထန်သွေးအားနည်းခြင်း**

လူ့ခန္ဓာကိုယ်တွင် သွေးနီဥနှင့် သံဓာတ်အလွန်အမင်းနည်းပါးသွားသည့်အခါ သွေးလည်ပတ်မှုစနစ်သည် ဦးနှောက်နှင့် ခန္ဓာကိုယ်အနှံ့သို့ လိုအပ်သောအောက်ဆီဂျင်ကို လုံလောက်စွာမပို့ဆောင်နိုင်တော့ပေ။ ထိုအခါ လူနာသည် ထိုင်ရာကအထတွင် မူးဝေခြင်း၊ ရင်ထဲတွင် ဟာတာတာဖြစ်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းလွယ်ခြင်း၊ နှလုံးတုန်ခြင်းတို့ကို ခံစားရတတ်သည်။ ဤအခြေအနေတွင် သွေးအားနည်းရသည့်အရင်းအမြစ် (အစာအိမ်သွေးယိုခြင်း၊ အမျိုးသမီးများသွေးသွန်ခြင်း သို့မဟုတ် အာဟာရချို့တဲ့ခြင်း)ကိုမရှာဘဲ အမူးပျောက်ဆေးသောက်နေရုံဖြင့် ရောဂါပျောက်ကင်းမည်မဟုတ်ဘဲ နောက်ဆုံးတွင် နှလုံးပျက်စီးသည်ထိ ဖြစ်နိုင်သည်။

**နှလုံးခုန်မမှန်ခြင်း**

နှလုံးသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးများကို စနစ်တကျ၊ ပုံမှန်စည်းချက်အတိုင်း ညှစ်ထုတ်ပေးရသည့် အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ သို့သော် နှလုံးခုန်နှုန်းသည် အလွန်အမင်းမြန်ဆန်လွန်းခြင်း သို့မဟုတ် အလွန်အမင်းနှေးကွေးလွန်းခြင်း စသည့် စည်းချက်မမှန်မှုများဖြစ်ပွားလာပါက ဦးနှောက်သို့ သွေးစီးဆင်းမှုသည် စက္ကန့်ပိုင်းမျှပြတ်တောက်သွားတတ်သည်။ ထိုအခါ လူနာသည် ရင်ဘတ်ထဲတွင် တလှပ်လှပ်ဖြင့် နှလုံးတုန်လာပြီးနောက် ချက်ချင်းဆိုသလို မူးဝေကာ သတိလစ်မေ့မြော၍ လဲကျသွားတတ်သည်။ ၎င်းသည် ရုတ်တရက် နှလုံးရပ်တန့်ခြင်းထိ ဖြစ်နိုင်သောကြောင့် ECG ဖြင့် အမြန်ဆုံးစစ်ဆေးရမည့်အခြေအနေဖြစ်သည်။

**သွေးတွင်းသကြားဓာတ် အလွန်အမင်းကျဆင်းခြင်း**

အထူးသဖြင့် ဆီးချိုရောဂါအခံရှိပြီး ဆီးချိုဆေးများသောက်သုံးနေရသူများ သို့မဟုတ် အစာကို အချိန်မှန်မှန်မစားဘဲ အလွန်အမင်းအငတ်ခံထားသူများတွင် သွေးတွင်းသကြားဓာတ်သည် ပုံမှန်ထက်များစွာလျော့နည်းသွားတတ်သည်။ သကြားဓာတ်သည် ဦးနှောက်အတွက် အဓိကလောင်စာဖြစ်သောကြောင့် သကြားဓာတ်ကျဆင်းသွားချိန်တွင် ခေါင်းမူးခြင်းနှင့်အတူ အလွန်အမင်းဗိုက်ဆာလာခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ ချွေးစေးများထွက်လာခြင်းနှင့် စိတ်ဂယောက်ဂယက်ဖြစ်ကာ သတိလစ်ခြင်းတို့ဖြစ်တတ်သည်။ ဤနေရာတွင်လည်း ခေါင်းမူးရခြင်းအကြောင်းရင်းမှာ သကြားဓာတ်နည်း၍ ဖြစ်ကြောင်းသိရှိရပြီး သကြားရည် သို့မဟုတ် အချိုရည်တစ်ခွက် ချက်ချင်းတိုက်ကျွေးမှသာ လူနာ အသက်ချမ်းသာရာရမည်ဖြစ်သည်။

**❖ မိမိတို့သောက်လိုက်သည့်ဆေးများသည် ခန္ဓာကိုယ်တွင်ဖြစ်နေသည့်ဝေဒနာကို ခေတ္တခဏသက်သာသွားစေရန် ဖုံးကွယ်ပေးလိုက်ရုံသာဖြစ်ပြီး အခန့်မသင့်ပါက အသက်အန္တရာယ်ဖြစ်နိုင်သည်။ အထူးသဖြင့် လူတိုင်းနီးပါး နေ့စဉ်ဘဝတွင် ခေါင်းမူးခြင်းကို ကြုံတွေ့ဖူးသည့် သာမန်ရောဂါတစ်ခုဖြစ်နေခြင်းကြောင့် လူထုကြားပေါ့ဆမှုအရှိဆုံး ရောဂါတစ်ခုလည်းဖြစ်နေပြန်သည်။ အမှန်စင်စစ် ခေါင်းမူးခြင်းနောက်တွင် အတွင်းနားပြဿနာငယ်များမှ မိနစ်ပိုင်းအတွင်းအသက်ဆုံးရှုံးနိုင်သည့် ဦးနှောက်နှင့် နှလုံးရောဂါထိ များပြားသောရောဂါများစွာ ငုပ်လျှိုးနေတတ်သည်။ ❖**

**သွေးပေါင်ကျခြင်း**

သွေးပေါင်ချိန်သည် ပုံမှန်ထက်အလွန်နည်းချိန် အထူးသဖြင့် လဲလျောင်းရာမှ ရုတ်တရက်ထိုင်ခြင်း၊ မတ်တတ်ရပ်ခြင်းစသည့်အခါမျိုးတွင် ဦးနှောက်ဆီသို့ သွေးစီးဆင်းမှုခေတ္တလျော့နည်းသွားပြီး မူးဝေတတ်သည်။ ၎င်းကို ရေဓာတ်ခန်းခြောက်ခြင်း၊ သွေးထွက်လွန်ခြင်း သို့မဟုတ် အချို့သောဆေးဝါးများကြောင့်ဖြစ်ပွားတတ်သဖြင့် အရင်းခံအကြောင်းရင်းကို သေချာစစ်ဆေးသင့်သည်။

**ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုး**

အချို့သောနာတာရှည်ရောဂါသည်များသည် မိမိတို့ နေ့စဉ်သောက်သုံးနေရသော ဆေးဝါးများကြောင့် မူးဝေခြင်းကို ခံစားရတတ်သည်။ ဥပမာအားဖြင့် သွေးတိုးကျဆေး ပြင်းအားများသွားခြင်း၊ အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများ၊ အတက်ကျဆေးများနှင့် အချို့သောပဋိဇီဝဆေးများသည် ဘေးထွက်ဆိုးကျိုးအနေဖြင့် ခေါင်းမူးခြင်းကိုဖြစ်စေသည်။ ဤသို့ဖြစ်ပါက မိမိသဘောဖြင့် ဆေးဖြတ်လိုက်ခြင်းမျိုး မပြုလုပ်ဘဲ နားလည်တတ်ကျွမ်းသောဆရာဝန်နှင့် တိုင်ပင်ကာ ဆေးပမာဏညှိနှိုင်းခြင်း သို့မဟုတ် ဆေးပြောင်းလဲခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

**အတွင်းနား ဟန်ချက်ထိန်းစနစ်ချို့ယွင်းခြင်း**

အဖြစ်များသည့် သာမန်ခေါင်းမူးရောဂါတစ်မျိုးမှာ အတွင်းနားရှိ ဟန်ချက်ထိန်းအရည်ကြည်များ နေရာလွဲမှားခြင်း သို့မဟုတ် အတွင်းနားအာရုံကြောရောင်ရမ်းခြင်းတို့ကြောင့် ဖြစ်ပွားသောမူးဝေခြင်းဖြစ်သည်။ ဤရောဂါတွင် လူနာသည် ခေါင်းကိုအလှည့်အပြောင်းလုပ်ချိန် သို့မဟုတ် အိပ်ရာအထတွင် ချာချာလည်သွားသကဲ့သို့ ပြင်းထန်စွာမူးဝေပြီး ပျို့အန်ခြင်းများဖြစ်တတ်သော်လည်း လေဖြတ်ခြင်းကဲ့သို့ ခြေလက်အားနည်းခြင်း သို့မဟုတ် စကားထစ်ခြင်းများမရှိပေ။ သို့သော် ၎င်းသည်လည်း ဆရာဝန်နှင့်ပြသ၍ လေ့ကျင့်ခန်းများ၊ ဆေးဝါးများဖြင့် ရောဂါအရင်းအမြစ်ကိုကုသမှသာ ပျောက်ကင်းနိုင်သည်။

**ကျန်းမာရေး သတိပေးချက်**

ခေါင်းမူးတိုင်း သာမန်ပင်ပန်း၍ဖြစ်သည်ဟု တွေးထင်ကာ မိမိသဘောဖြင့် လေဆေးသောက်ခြင်း၊ ခေါင်းမူးပျောက်ဆေးဝယ်သောက်ခြင်းတို့ပြုလုပ်ကာ တန်ဖိုးရှိသောအချိန်များကို အိမ်တွင် အချိန်မဖြုန်းသင့်ပေ။ အထူးသဖြင့် သွေးတိုး၊ ဆီးချိုနှင့်နှလုံးရောဂါအခံရှိသူ သက်ကြီးပိုင်းများတွင် ခေါင်းမူးခြင်းဝေဒနာခံစားရပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပြသကာ ရောဂါအရင်းအမြစ်ကို မှန်ကန်စွာရှာဖွေကုသသင့်သည်။ သို့မှသာ မိမိနှင့် မိသားစုဝင်များ၏ အသက်အန္တရာယ်ကို အချိန်မီကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ဝ၉ဝဝ | နာရီမှ | ၁၁ဝဝ | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃ဝဝ | နာရီမှ | ၁၅ဝဝ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ဝ၉ဝဝ | နာရီမှ | ၁၁ဝဝ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃ဝဝ | နာရီမှ | ၁၅ဝဝ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ဝ၉ဝဝ | နာရီမှ | ၁၁ဝဝ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃ဝဝ | နာရီမှ | ၁၅ဝဝ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀) ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟ-၂ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မသက်ထားဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဆန်းဦး** ဖြစ်ပါကြောင်း။

**ဦးဆန်းဦး**
(၅/ငဇန(နိုင်)၀၅၈၃၅၄)။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အလက ပလိပ်စက်ရုံမြေ၊ Grade-6 (စံပယ်)တွင် ပညာသင်ကြားနေသော မောင်သီဟနိုင်၏ ဖခင်အမည်မှန်မှာ **ဦးနိုင်ဝင်း** ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**
(၉/စကတ(နိုင်)၁၀၂၈၇)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade-8 တွင် ပညာသင်ကြားနေသော မသွန်းနေခြည်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇော်ဇော်ထွန်း** ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထွန်း**
(၉/မရတ(နိုင်)၁၁၈၄၃၃)

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကုန်းရွာ(၁)အထက်တန်းကျောင်းခွဲ၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်သူရကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်စိုး** ဖြစ်ပါကြောင်း။

**ဦးကျော်စိုး**
(၅/စကန(နိုင်)၁၅၈၉၈၀)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေတွဲအထက၊ Grade-12 တွင် ပညာသင်ကြားနေသော မကျော့ကျော့ဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်မြင့်** ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်**
(၉/စကတ(နိုင်)၀၃၉၈၆၀)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မယဉ်မေဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျောက်ချိုရှန်** ဖြစ်ပါကြောင်း။

**ဦးကျောက်ချိုရှန်**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ရပ်ကွက်(၅)နေ မရှုံရီလျှင် (ဘ)ရှုံတဲ့ချန်(၁၃/လရန(နိုင်)၀၉၇၅၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-265888819.

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၀၄)နေ မသီရိစန္ဒာ (ဘ) ဦးထွန်းထွန်းဝင်း(၉/မဟမ(နိုင်)၀၆၁၃၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-892550847.

**အိမ်ပြင်ပဲ့ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဘင်္ဂလား ပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း-အနောက်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း-ဩရိဿပြည်နယ်တောင်ပိုင်း ကမ်းခြေတို့တွင် စက်တင်ဘာ ၁၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှေ့တံဆိပ် နှစ်ခုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက တံခွန်စိုက်ဆုဖလားဆွတ်ခူး

နေပြည်တော် စက်တင်ဘာ ၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းအမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ပျော်ဘွယ်မြို့နယ်တွင် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ရှစ်သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ဆိတ်ချိုကျေးရွာအုပ်စု ကံစွယ်ကျေးရွာအနီး ပျော်ဘွယ်-နတ်မောက်သွားကားလမ်းတွင် နီဝင်း မောင်းနှင်ပြီး သိန်းထွန်းလိုက်ပါလာသည့် MINIBUS ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၈ ဒသမ ၆၉ သိန်း စာမျက်နှာ ၂၃ ကော်လံ ၁ ■



ရဲမင်းအောင် ခေါ် ပါးသိုင်း၊ နေပိုင်စိုး ခေါ် ဂျာကြီး ခေါ် အောင်ကျော်မြင့်၊ သိန်းထွန်း၊ နီဝင်း၊ ကိုစိုး၊ ကျော်သာ ခေါ် အောင်ကျော်၊ ယုယုမော် (ဝဲမှယာ)တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ လူငယ်မျိုးဆက်သစ် ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရေး၊ အရည်အသွေးမြင့်လက်ရွေးစင် အားကစားသမားများ ရွေးချယ်မွေးထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(C)၌ ကျင်းပသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

ရတနာပုံ ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးကို သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများ လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီး နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

## တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်လျက်ရှိသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း စာမျက်နှာ ၂၃ ကော်လံ ၁ ●

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

